မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၃၀၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါ

နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲတိုးတက်ရန် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ

နေပြည်တော် ၈လိုင် ၃၁

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း (၄)ခု မေးမြန်းဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်း၊ အဆိုအသစ် (၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ ၌ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၏ **တောင်သူလယ်သမားများသို့ ပညာပေးရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသမြေအမျိုးအစားနှင့် အနီးစပ်ဆုံးမြေတွင် ပါဝင်သည့် သတ္တုဓာတ်အမျိုးအစားအလိုက် သုတေသနပြုလုပ်ပြီး ပါဝင်သော သတ္တုအမျိုးအစားနှင့် အချိုးကိုကြည့်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသို့ ပညာပေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် စိုက်ပျိုးမြေများ အာဟာရဓာတ်ပါဝင်မှုများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်း၊ ထည့်သွင်းသုံးစွဲရမည့် ဓာတ်မြေဩဇာအမျိုးအစားနှင့် နှုန်းထားများကို စမ်းသပ်ကွက်များပြုလုပ်၍ ဖော်ထုတ်ပေးခြင်း၊ မြေဆီလွှာနှင့် သီးနှံအမျိုးအစားအလိုက် ဓာတ်မြေဩဇာများကို စနစ်တကျ အကျိုးရှိစွာ အသုံးပြုနိုင်ရေးနည်းပညာများ ဖြန့်ဝေခြင်း ပညာပေးခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြေအသုံးချရေးဌာနခွဲရုံးများ ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ်ကို၏ **မိုးပြဲရေလောင်တပ်မဖွဲ့ နှင့် တူးမြောင်းများအတွင်း နုန်းများပို့ခြင်း၊ ရေထိန်းတံခါးများ ဖြုတ်ပြင်ရန်လိုအပ်ခြင်း စသည့် တမံအဆင့်မြှင့်တင်ရေးဆိုင်ရာ** *စာမျက်နှာ ၆ ကော်လံ ၁* ❐

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အုပ်ချုပ်ရေးတံတိုင်းအဖြစ် ဌာနဆိုင်ရာများက မောင်တောခရိုင်ကို ဖွဲ့စည်းပုံအင်အားအပြည့်ခန့်အပ်ရန်စီစဉ်

မြို့နယ်များတွင် နယ်နိမိတ်ချင်းထိစပ်နေသည့် ကျေးရွာများ၌ လုံခြုံရေးအစီအမံများ ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ၈လိုင် ၃၁

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး၏ ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြန်လည်ဖြေကြားသည်။

ကျောက်ပြဲနယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ **"ဓိုးညွှင်းမြို့နယ် ဟိုပင်မြို့နယ်ခွဲအား မြို့နယ်အဆင့် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ မိုးညွှင်းမြို့နယ်အတွင်းရှိသည့် ဟိုပင်မြို့နယ်ခွဲကို မြို့ (၁)မြို့၊ ရပ်ကွက် (၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၈) အုပ်စု၊ ကျေးရွာ(၂၇)ရွာတို့ဖြင့် ဖွဲ့စည်းထားနိုင်ငြိုးဖြစ်ပါကြောင်း၊ ဟိုပင်မြို့နယ်ခွဲသည် မိုးညွှင်းမြို့နယ်နှင့် (၂၂)မိုင်သာကွာဝေးပြီး အကျယ်အဝန်းမှာ (၂၄၇ ဒသမ ၉၀) စတုရန်းမိုင်၊ ဧကအားဖြင့် (၁၅၈၆၅၅)ဧက ကျယ်ဝန်းပါကြောင်း၊ အိမ်ထောင်စု (၈၃၁၅)စု၊ လူဦးရေအားဖြင့် (၄၉၁၆၀)ဦးဖြစ်ပြီး နှစ်စဉ်လူဦးရေတိုးနှုန်းမှာ (၀ ဒသမ ၉) ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများသည် မြို့နယ်ခွဲအဆင့်သာ ရှိနေသေးသည့်အတွက် မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရန် မလိုအပ်သေးပါကြောင်း ကျောက်ပြဲနယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက စီစစ်တင်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ ဟိုပင်မြို့နယ်ခွဲကို လတ်တလော *စာမျက်နှာ ၇ ကော်လံ ၁* ❍

မြန်မာအလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပုလဲသွယ် စပ်မျိုးစပါး ခိုက်ပျိုးမှုသရုပ်ပြ စာ-၂

အရည်အသွေးပေါ် မူတည်နေသည့် နေပြည်တော် နွားနို့ဈေးကွက် စာ ၃



လမျက်နှာပြင်ကို လေ့လာမှုပြုလုပ်ရန် လူလိုက်ပါမည့်အာကာသယာဉ် အိန္ဒိယလွှတ်တင်မည် စာ ၅

လစ်သူယေးနီးယား ရေတူးမယ် စာ-၅ အသက်အငယ်ဆုံး ဗြူတာဆိပ်ဆုဆွတ်ခူး

အခွန်မိုးထက်သည့် ကျောက်သဖြက် ကုထုံး စာ-၁၀

မြန်မာ့အလင်း
အယ်ဒီတာ့ အစောင်
(၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်)

ခေါင်းဆောင်ကောင်းများ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်

ကုန်ငွေအဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ ဌာနတစ်ခုခုဖြစ်စေ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းများရှိတတ်ကြသည်။ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းများရှိမှသာလျှင်လည်း ထိုဌာန၊ အဖွဲ့အစည်းသည် တိုးတက်နိုင်၏။ သို့မဟုတ်ပါက ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ အဖွဲ့အစည်းတိုင်း၊ ဌာနတိုင်းတွင် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းများ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးရန် အရေးကြီးလှပေသည်။

ယနေ့အရှိန်အဟုံတွင် ကျွန်ုပ်တို့နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်နေသည့် အချိန်အခါဖြစ်၏။ အာဏာဘက်တွင် ပွင့်လင်းမြင်သာဖြစ်လာသည့်အလျောက် ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် ထိတွေ့ဆက်ဆံမှုများသည်လည်း တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိပေသည်။ မကြာမီနှစ်များအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း အလုံးအရင်းဖြင့် စီးဝင်ရောက်ရှိလာတော့မည်ဖြစ်သည်။ ထိုအခါတွင် အဖွဲ့အစည်းတိုင်း၊ ဌာနတိုင်း၌ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်များရှိထားရန် လိုအပ်လှပေသည်။

မည်မျှပင်ရာထူးကြီးစေကာမူ မမွတ်အရ ပင်စင်ယူသည့်အခါ မိမိဦးဆောင်ကိုင်တွယ်သောဌာန အား စွန့်ခွာထားရစ်ခဲ့ရပေသည်။ ထိုအခါ မိမိကဲ့သို့ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းတို့အား တာဝန်ဝတ္တရားများ လွှဲအပ်ခဲ့ရပေသည်။ ခေါင်းဆောင်ကောင်းဟူသည်ကား ဆိုင်ရာဆိုင်ရာလုပ်ငန်းအဝဝတို့တွင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေရုံမက ''ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ခံ၌၊ ဤခြောက်ခု၊ ကြီးသူကျင့်ဝတ်သာ'' ဆိုသည့် နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြီးပြည့်စုံသူဖြစ်ရန် အရေးကြီးလှပေသည်။ သို့မှသာ ထိုဌာန၊ ထိုအဖွဲ့အစည်းသည် စဉ်ဆက်မပြတ် တိုးတက်မှုကိုဖြစ်ထွန်းပေလိမ့်မည်။

ထို့ကြောင့် အဖွဲ့အစည်းတိုင်း၊ ဌာနတိုင်းတို့တွင် အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်သင့်ပေသည်။ ခေါင်းဆောင်ကောင်း မျိုးဆက်ပြတ်သောဌာနတစ်ခုသည် တိုးတက်ရာတိုးတက်ကြောင်းလမ်းကြောင်းကို ဖော်ဆောင်ပေးနိုင်စွမ်းမရှိ၍ ထိုဌာနသည် ရန်ကန်ကြိုးစားမှုများစွာဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရတတ်သည်။ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ဝန်ထမ်းမှသည် ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ငယ်များ၊ ထို့မှဆက်လက်၍ ခေါင်းဆောင်ကောင်းများ ဆင့်ကဲ၊ ဆင့်ကဲ လေ့ကျင့်မွေးထုတ်သင့်ပေသည်။

ကျွမ်းကျင်ဝန်ထမ်းများ၊ ခေါင်းဆောင်ငယ်များ လေ့ကျင့်မွေးထုတ်သည်ဆိုရာတွင် အချို့သောသူများသည် ပညာရပ်များ ကျွမ်းကျင်စွာ တတ်မြောက်လာသည့်အခါ ထိုဌာနကို ဂရုစိုက်အကျိုးမပြုတဲ့ အလုပ်မှ ထွက်သူ များစွာရှိလေ၏။ ဌာနအချို့သည် ကျွမ်းကျင်ဝန်ထမ်းများဖြစ်လာစေရန်လည်းကောင်း၊ ခေါင်းဆောင်ငယ်များဖြစ်လာစေရန်အတွက်လည်းကောင်း ပြည်တွင်းရှိ သင်တန်းအချိုးမျိုးသာမက ပြည်ပနိုင်ငံများရှိ သင်တန်းများအထိ ပို့လွှတ်ပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ သို့သော်လည်း အချို့သောသူများသည် ဤသို့ ကျွမ်းကျင်ပညာရပ်များ တတ်မြောက်လာသည့်အခါ အကြောင်းအမျိုးမျိုးပြီး အလုပ်ထွက်ကြသဖြင့် ဌာနအသီးသီးတို့ မျှားစွာထိခိုက်နစ်နာလျက်ရှိသည်ကိုလည်း ကြားသိနေရသည်။ မည်မျှပင်တော်တော်သည်ဖြစ်စေ စိတ်ဓာတ်ပိုင်းဆိုင်ရာ အားနည်းသူများအား မြေတောင်မြှောက်မိပါက ထိုဌာနအတွက် မည်သို့မျှ အကျိုးဖြစ်နိုင်သည်ကို သတိပြုရမည့်အချက်ပင်ဖြစ်သည်။

သို့ဖြစ်၍ ယနေ့တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ နေရာတိုင်း၊ ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် ကျွမ်းကျင်သူများ၊ အရည်အချင်းပြည့်ဝသောခေါင်းဆောင်ကောင်းများ လိုအပ်နေရသည်သာဖြစ်သည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝပြီး စိတ်ပိုင်းဆိုင်ရာမြင့်မြတ်ခြင်းရှိသော ခေါင်းဆောင်ကောင်းများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာလျှင် ထိုဌာနသည် အရှည်သာဖြင့် တိုးတက်အောင်မြင်သော အဖွဲ့အစည်းတစ်ရပ် အဖြစ် ရပ်တည်သွားနိုင်လိမ့်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

လမ်း၊ တံတားများ ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ၃လိုင် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်နှင့် ရဝိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ခင်တို့သည် ၎ငယိုလိုင် ၂၄ ရက် နံနက်ပိုင်းက ဘူးသီးတောင်- မောင်တောလမ်း မိုင်တိုင်အမှတ်(၆/၅)နှင့် (၇/၃)အကြားရှိ လိုဏ်ဂူကြီးအနီးတွင် လိုဏ်ဂူကြီး ချောင်ကွင်းလမ်း (ဘူးသီးတောင်ဘက်အခြမ်း) ဖောက်လုပ်မည့်နေရာနှင့် ဖြေကေးအထား၊ မိုင်တိုင်အမှတ်(၇/၇)အနီးရှိ လိုဏ်ဂူကြီး ချောင်ကွင်းလမ်း(မောင်တောဘက်အခြမ်း)ရှိ ဖြေနေရာနှင့် မောင်တောခရိုင်က တာဝန်ယူတည်ဆောက်သော မောင်တောမြို့အနီးရှိ တံတားအမှတ်(၁/၁၅) (မြို့ဝင်တံတား) တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့သည် မောင်တောခရိုင်အင်ဂျင်နီယာမှုန်းသို့ ရောက်ရှိပြီး ရုံးပတ်ဝန်းကျင်ကို ကြည့်ရှုစစ်ဆေး၍ ခရိုင်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်း အသင်းဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ၃လိုင် ၃၁

မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းအသင်း တည်ထောင်ရေးခေါ်ယူရေးမှူးများ ဦးမိုးကျော်က မြန်မာနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ စီးပွားရေး၊ ကုန်သွယ်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလုပ်အမှုဆောင် ဦးအေးထွန်းက စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးမိုးကျော်က မြန်မာနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ စီးပွားရေး၊ ကုန်သွယ်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလုပ်အမှုဆောင် ဦးအေးထွန်းက မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေး၊ ကားပြင်ဆင်ရေးအလုပ်ရုံနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ ကားအပို့ပစ္စည်းရောင်းဝယ်ရေး မော်တော်ယာဉ်တင်သွင်းသူ အစုအဖွဲ့ဖြစ်မြောက်ရေး ကော်မတီဝင်များကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၀)**

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

ပဲခူး ၃လိုင် ၃၁

၂၀၁၂ခုနှစ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို တိုက်ကြီးမြို့နယ် တောင်လိုင်မြို့ရိုင်း အကွက် (၁၇)တွင် ၎ငလိုင် ၂၉ရက် နံနက် ၉နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်လင်းထွန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဘောင်အဖွဲ့ ဥက္ကဋ္ဌနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်းပင် ၂၀၀၊ ခရေပင် ၃၀၀၊ အော်ဇီးရှား ပင် ၆၀၀၊ မန်ကျန်ရှားပင် ၆၅၀၊ ယုကလစ်ပင် ၁,၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ပဲခဲ့)** **(မြို့နယ်သစ်တောဦးစီး)**

ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုသရုပ်ပြ

သန်လျက် ၃လိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီး သန်လျက်မြို့နယ် စစ်ပင်ကွင်းကေးရွာအုပ်စု တောင်သူ ဦးမြင့်ဦး၏ ဘက်စိုစိုက်ပျိုးမွေးမြူရေးဦ ဧရိယာအတွင်း တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး ခြောက်ကေကို သိပ်နည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်ထားရှိသော ပျိုးခင်းမှချက်ချင်း နုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် ၎ငလိုင် ၂၇ ရက်က လက်တွေ့သရုပ်ပြ စိုက်ပျိုးလျက်ရှိသည်။ သရုပ်ပြပွဲတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးလှဆန်းက ပုလဲသွယ်စပ်မျိုးစပါးကျယ်ပြန့်စွာစိုက်ပျိုးဆောင်ရွက်နေကို လည်းကောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုမြင့်က အထွက်နှုန်းကောင်းမွန်ပြီး ရေးကွက်သေချာသည့်အတွက် တောင်သူများ၏ လူနေမှုဘဝမြင့်မားလာသည့်တောင်သူများက အောင်မြင်ဖြစ်ထွန်းနေသည့် ပျိုးစင်းနှင့် စိုက်ပျိုးနေမှုများကို လက်တွေ့လေ့လာကြသည်။ သန်လျက်မြို့နယ်၌ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် တောင်သူ ၇၀ ဦးက ပုလဲသွယ်စပ်မျိုးစပါး ၁၈၉ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ **(အပေါ့စဲ)(မြို့နယ်စိုက်ပျိုးရေး)**

ကုန်သည်/စက်မှုအသင်းချုပ်၌ အလုပ်ရှင်နှင့်အလုပ်သမားဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ၃လိုင် ၃၁

ကမ္ဘာ့အလုပ်သမားအဖွဲ့၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံတွင် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းဖြင့် မည်သို့မည်ပုံ အကျိုးသက်ရောက်မှုများ၊ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ၎ငလိုင် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှံ့ တတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ဦးမြင့်စိုး၊ ဒေါ်နိုးခိုင်နွယ်နှင့် အလုပ်ရှင်များ၊ အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ILO မှ Freedom of Association Programme Chief Technical Officer, Mr.Ross Willson တို့ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ILO မှ Freedom of Association Programme Chief Technical Officer, Mr.Ross Willson ကအလုပ်ရှင်၊ အလုပ်သမားရေးရာများ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းရှင်များ၏ မေးခွန်းများကို ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ညောင်လေးပင်မြို့၌ ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်

ညောင်လေးပင် ၃လိုင် ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားနှင့် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးကို ၎ငလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း ပညာဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလှရွှေက ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မိဘဆရာအသင်းအတွင်းရေးမှူး ဆရာဦးသောင်းမြင့်က ဧည့်ခရီးရှင်းတမ်းကို ဖတ်ကြားပြီးနောက် မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များကို ရွေးချယ်အတည်ပြုခဲ့ကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော ဓမ္မစိစု **(ဝဲပုံ)**အား ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်းက ဆုပေးအပ်ချီးမြှင့်သည်။ ကျန်ဂုဏ်ထူးရှင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၁၃၀)**

သာပေါင်း၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

သာပေါင်း ၃လိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အခွန်ဦးစီးဌာနမှ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ၎ငလိုင် ၂၉ ရက် မွန်းလွဲ ၁နာရီခွဲက သာပေါင်းအထက၊ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းထွဋ်က အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူများအား ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်ဦးစီး)

ကျင့်ဝတ်သိက္ခာနှင့်အညီ အသိတရား၊ သတိတရားဖြင့် စည်းကမ်းများထိန်းသိမ်း လုပ်ငန်းနှင့်စာရင်းများ မှန်ကန်ပြည့်စုံမှုရှိရေး တွန်းအားပေးကြပ်မတ်

နေပြည်တော် ဇူလိုင် ၃၁

ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ စာရင်းစစ်များလုပ်ငန်းခွင် ကျွမ်းကျင်မှု အမှတ်စဉ်(၃၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က မှာကြားရာ၌ သင်တန်းသားစာရင်းစစ်များသည် မိမိတို့၏ စစ်ဆေးရေးတာဝန်များကို ဆောင်ရွက်ရာတွင် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးတည်ချက်ထား၍ သတ်မှတ်ထားသော စစ်ဆေးရေးမူဝါဒ၊ လုပ်ထုံးလုပ်နည်းများဖြင့် ပြည်သူတို့၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ပြည်သူနှင့် နိုင်ငံတော်အပေါ် အကျိုးပြုမှုမှာ သင်တန်းသားများ၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ဝန်ထမ်းဆောင်ရသည့် စစ်ဆေးရေးလုပ်ငန်းများအပေါ်တွင် များစွာ တည်မှီလျက်ရှိကြောင်း။

မိမိတို့စစ်ဆေးရေးအလုပ်မှာ ကျင့်ဝတ် သိက္ခာနှင့်အညီ အသိတရား၊ သတိတရား ဖြင့် စည်းမျဉ်းစည်းကမ်းများ ထိန်းသိမ်းကာ စစ်ဆေးခံအဖွဲ့အစည်း၏ လုပ်ငန်းနှင့်စာရင်းများ မှန်ကန်ပြည့်စုံမှုရှိစေရေး၊ စည်းမျဉ်းကျစေရေးနှင့် ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု အားကောင်းလာစေရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်သူတို့၏ ယုံကြည်မှုရရှိရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ နာမည်ကောင်း ထိန်းသိမ်းမှုတွင် စစ်ဆေးရေးလုပ်ငန်းစဉ် တစ်လျှောက်လုံး သင်တန်းသားများက ကျင့်ဝတ်နှင့်အညီ လုပ်ငန်းစွမ်းရည်ပြည့်ဝစွာ၊ တည်ကြည်ဖြောင့်မတ်စွာနှင့် ဥပဒေစည်းမျဉ်း စည်းကမ်းလိုက်နာရန် အထူးလိုအပ် ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်များလုပ်ငန်းခွင် ကျွမ်းကျင်မှု အမှတ်စဉ် (၃၆) သင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စုသမ္မတ၏ သံအမတ်ကြီးဦးသန်းဆွေက ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁

အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဝါရှင်တန်ပြည့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်ဟူစိန်အိုဘားမားထံ ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရန် ကျေးလက်ဒေသများသို့ တိုင်းရင်းဆေးသေတ္တာများဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၃၁

ကျန်းမာရေးနှင်ကြီးဌာနက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ အဆင့်မြင့်ကုထုံးများကို ကျေးလက်နေပြည်သူများထံသို့ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် မှန်ပြည်နယ်အနေပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာတိုးချဲ့ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေဉီးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်များတွင် ပါဝင်သည့် တစ်မျိုးသားလုံး ကျန်းမာကြီခိုင်ရေးနှင့်ပညာရည်မြင့်မားရေး ဦးတည်ချက်အောင်မြင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ အဆင့်မြင့် ကုထုံးများကို ပြည်သူများထံသို့ ပညာပေး ဖြန့်ဝေပေးနိုင်ရန်နှင့် အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ရရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးမှုအပေါ် ကျန်းမာရေးဝန်ကြီးဌာနအား မွန်ပြည်နယ်အတွင်းရှိ ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။ နိုင်ငံတော်မှ အနာဂတ်ကို ကြိုတင်မျှော်မှန်းပြီး တိုင်းရင်းဆေးရုံများအား နိုင်ငံနှင့် အဝန်းဖွင့်လှစ်ပေးခဲ့သည့်အပြင် ခုတင်တိုးချဲ့ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ထို့ကြောင့် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပယ်ဖျောက်ရေးလုပ်ငန်းတွင် အကျိုးဝင်သော လုပ်ငန်းဖြစ်သည့်အားလျော်မှာ ကိုယ်ရော စိတ်ပါ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာတိုးချဲ့ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ မွန်ပြည်နယ်အတွင်း ယခုအကြိမ်သည် တတိယအကြိမ်မြောက် ဖြန့်ဝေပေးခြင်း ဖြစ်ကြောင်း။ ယခင်အကြိမ်များတွင် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၉၆ ရွာအနက် ကျေးရွာပေါင်း ၆၅၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်၍ ယခုအကြိမ်တွင် ကျန်ရှိသည့် ကျေးရွာပေါင်း ၅၄၆ ရွာကို ဆေးသေတ္တာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တို့၏ လမ်းညွှန်ချက်ဖြစ်သည့် ကျေးရွာတစ်ရွာလျှင် ဆေးသေတ္တာတစ်ုံးစီ ဖြန့်ဝေပေးရေးလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနအဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စီမံချက်အလိုက်အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မှုခုံ၊ ချောင်းဆုံနှင့် ကျိုက်ဝရောမြို့နယ်များ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သံဖြူဇရပ်နှင့် ပေါင်မြို့နယ်၊ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက သထုံမြို့နယ်နှင့် ရေးမြို့နယ်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက ဘီးလင်းမြို့နယ်နှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှဆွဲနှိုက်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ကျိုက်ထိုမြို့နယ်များအတွက် တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မွန်ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်နိုင်ရေးအတွက် Essential drug ဆေးဝါးများကို ပြည်နယ်လူမှုရေးဝန်ကြီးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွက် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

လမြတ်ဝါဆိုပွဲ

ညိုညိုမှိုင်းမှိုင်း အုံကာဆိုင်း
ရှစ်ခွင်မိုးရိပ်သိုင်း။
ရွှတိုင်းစိမ်းစို လဝါဆို
ဗုဒ္ဓမြတ်ကြည်ညို။
မိုးစွေငှက်ကြို ပုန်းညက်လန်း
ပွင့်ကြမိကျောင်းပန်း။
ရှင်တော်မြန်းကြွ ဟောကြားသည်
မိဂဒါဝုန်ဆီ။
ပဥ္စဝဂ္ဂီ ထေရ်ငါးဦး
နာရဒရားထူး။
ကြည်နူးဖွယ်ရာ အခါတော်
ဆီမီးပန်းပူဇော်။
တူမျော်လူတော် နှစ်စဉ်ခွဲ
ဝါဆိုလမြတ်ပွဲ။

မင်းဓဇမြိုင်

ရန်ကုန်မြို့ သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် အဆင့်မာ ၂၁ လမ်းအရှေ့ အမှတ် ၄၀ ၈ ဦးကြီးမြင့်(မြန်မာစာ) (၃)ခန်းပြည်ဆားရည်စုး၍ ခေါ်ဖြူဖြူမိသားစုက ဒဂုံမြို့သစ်(အရှေ့ဖိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းကြီးပေါ်ရှိ ဦးလှထွန်း မော္တာရိပ်မှန်ကော်ဆာဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ)ဟပ်ဘို့သို့ အလျှဒွေကျပ် ၁၅၀၀၀ လျှဒါန်းရာ အထွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အရည်အသွေးပေါ်မူတည်နေသည့် နေပြည်တော် နွားနို့ဈေးကွက်

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော်ဈေးကွက်တွင် အရည်အသွေးမီသည့် နွားနို့များ များပြားလာမှုကြောင့် ဝယ်လိုအားကျဆင်းလျက်ရှိကြောင်းသိရသည်။

"ဒေသခံအများစုက သိပ်မသောက်တတ်ကြသေးပါဘူး။သောက်သုံးတဲ့ အလေ့အထနည်းခြင်း၊ များခြင်းက နွားနို့ရဲ့အရည်အသွေးပေါ်မှာလည်း မူတည်တာပေါ့။ နွားနို့မပျက်စီးဘဲ ကြာရှည်ခံဖို့ အသုံးပြုတဲ့နို့ပုံးနဲ့ ခွက်တွေသန့်ရှင်းမှုက အဓိကပါပဲ။ ရောဂါကင်းပြီး အရည်အသွေးကောင်းမွန်တဲ့ နွားနို့ရဖို့ နွားမတွေကို ကျန်းမာရေး စောင့်ရှောက်မှုတွေ မှန်မှန်ပြုလုပ်ရပါတယ်။ နွားနို့အရည်အသွေးကောင်းနေမှ စင်းသောက် ကြည့်ရာကနေ ကြိုက်သွားပြီး ဝယ်ယူမှုများလာမှာဖြစ်ပါတယ်" ဟု ရွှေဖြို့မွေးမြူရေး ဇုန်(၂)ရှိ Super Cow မွေးမြူရေးဒိုတာဝန်ခံကပြောပြသည်။

"ကျွန်မက ကလေးတွေအတွက် နေ့တိုင်းနွားနို့ဝယ်ရပါတယ်။ အခုတလော နွားနို့တွေကအရင်ကထက်ပိုပြီး ကျဲလာပါတယ်။ ရေသာသာပဲရှိတော့တယ်။ တစ်ခါတုန်းကဆိုရင် အောက်ခြေမှာ အနည်တွေထိုင်နေတာ တွေ့ရပါတယ်" ဟု အိမ်ရှင်မ တစ်ဦးက ဖွင့်ဟခဲ့သည်။

စားသုံးသူများအနေဖြင့် ပြည်မှတရားမဝင်တင်သွင်းလာသော နို့နှင့် နို့ထွက်ပစ္စည်းများနေရာတွင် ပြည်တွင်းမှအရည်အသွေးကောင်းမွန်သည့် နို့ထွက်ပစ္စည်းများကိုသာ သုံးစွဲလိုသည့်ဆန္ဒရှိကြသည်။ နွားနို့၏ အရည်အသွေးစံချိန်စံညွှန်းဇီဝရေနှင့် သန့်ရှင်းမှုနှင့်စစ်မှန်မှုကို အလေးထားကာ ရောင်းချပေးနိုင်လျှင် နွားနို့ဈေးကွက် ယခုထက်ပို၍ကျယ်ပြန့်လာနိုင်ပြီး သောက်သုံးမှုလည်း များပြားလာနိုင်မည်ဟု မွေးမြူရေးဒိုတာဝန်ခံက သုံးသပ်ပြောပြခဲ့သည်။ (နန္ဒာဝင်း)

ကျင်းတော်ဆိပ်ကမ်းသစ်ကြီးတွင် ကုန်တင်ကုန်ချ ဆောင်ရွက်ခြင်း စတင်

ကျင်းတော်ဆိပ်ကမ်းသစ်ကြီးတွင် ကုန်တင်ကုန်ချ ဆောင်ရွက်ခြင်းကို ဇူလိုင် ၃၀ ရက်နေ့ နံနက် ၁၀ နာရီတွင် ဦးဝင်းထိန် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကျင်းတော်ဆိပ်ကမ်းသစ်ကြီးသည် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးဆိုင်ရာ ကိုယ်ပိုင်ဆိပ်ကမ်းဖြစ်ပြီး ကုန်တင်ကုန်ချ ဆောင်ရွက်ခြင်းကို ဇူလိုင် ၃၀ ရက်နေ့ နံနက် ၁၀ နာရီတွင် ဦးဝင်းထိန် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၃၁

ယနေ့ နံနက် ၉ နာရီ၌ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ခရင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံအပြား မိုးထစ်ချန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ကျောက်တော်မြို့နှင့် တောင်ကုတ်မြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီနှင့် ပုတာအိုမြို့တွင် ၂ ဒသမ ၅၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအေးကောင်းနေသည်။

မြေနှံမှာပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ဆောက်ခန်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်ဒို့ကိုယ်ပျိုးအလှတို့း

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဟောင်ကောင်အခြေစိုက်မူးယစ်ဆေးဝါးဂိုဏ်းအပွဲ အားမူးယစ်ဆေးဝါးများနှင့်အတူ ဩစတြေးလျရဲတပ်ဖွဲ့ ဖမ်းဆီး

ဆစ်ဒနီ ၈လိုင် ၃၁

ဟောင်ကောင်အခြေစိုက်မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းကို ဩစတြေးလျရဲတပ်ဖွဲ့က ဖြိုခွင်းပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးလိုက်နိုင်ပြီဖြစ်ကြောင်း ၈လိုင် ၃၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။ **(ယာဝဲ)**

အဆိုပါ မူးယစ်ဆေးဝါးဂိုဏ်းဖြိုခွင်းမှုအတွင်း ဟောင်ကောင်ဖြို့နေသူ လေးဦးနှင့် ဩစတြေးလျလူမျိုးသုံးဦးတို့အား ၈လိုင် ၃၀ ရက်က ဆစ်ဒနီမြို့၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ ယင်းဖမ်းဆီးရမိ မူးယစ်ဆေးဝါးများသည် တန်ဝက်ကျော်ရှိကြောင်း၊ ယင်းတို့တွင် အိုက်(စ်)ဟု လူသိများသည့် မက်သာဇော်တမင်းအခဲ ၃၀၆ ကီလိုဂရမ် (၆၇၄ ဒသမ ၆၁ ပေါင်)နှင့် ဘီန်ဖြူ ၂၅၂ ကီလိုဂရမ်တို့ ပါဝင်ကြောင်း။ ဩစတြေးလျနိုင်ငံတွင် အိုက်(စ်)ဖမ်းဆီးရမိမှုမှာ အများဆုံးဖြစ်ပြီး ဘီန်ဖြူဖမ်းဆီးရမိမှုမှာ တတိယအများဆုံးဖြစ်ကြောင်း ဩစတြေးလျရဲအဖွဲ့က ပြောကြားသည်။ ယင်းမူးယစ်ဆေးဝါးများသည် ဩစတြေးလျဒေါ်လာ သန်း ၅၀၀ (အမေရိကန် ဒေါ်လာ ၅၂၆သန်း) တန်ဖိုးရှိကြောင်း ဩစတြေးလျရဲတပ်ဖွဲ့ (အေအက်ဖ်ပီ)၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းမူးယစ်ဆေးဝါးဂိုဏ်းအား တစ်နှစ်ကြာ စုံစမ်းထောက်လှမ်းခဲ့ပြီးနောက် ဖြိုခွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းဖမ်းဆီးရမိ မူးယစ်ဆေးဝါးများသည် ဂရေထ့ကိန်းဝေသာ ဩစတြေးလျနိုင်ငံသားများကို ထိခိုက်မှုဖြစ်စေနိုင်ကြောင်း ဒုတိယ ကော်မရှင်နာ အင်ဒရူးကိုင်ဂ က ဩစတြေးလျမီဒီယာသို့ ပြောကြားသည်။ စုံစမ်းစစ်ဆေးမှုများ ဆက်လက် ပြုလုပ်သွားပြီး ပိုမိုဖမ်းဆီးအရေးယူမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၎င်းမူးယစ်ဆေးဝါးများကို အမေရိကန် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ သတင်းများရခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဩဂုတ်လမှစတင်ကာ စုံစမ်းထောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း။ မူးယစ်ဆေးဝါးများကို ၎င်လိုင် ၁၉ ရက်က စဉ့်မသုတ်ထားသော အိုးများအတွင်း၌ ထွေ့ရှိခဲ့ကြောင်း။ သို့သော်လည်း ၎င်လိုင် ၃၀ ရက်တွင် ကွင်းဆက်ဖော်ထုတ်ပြီး ဂိုဏ်းအဖွဲ့အား ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ဖမ်းဆီးခံထားရသူများသည် ဩစတြေးလျနိုင်ငံ တရားရုံးတစ်ခုရှိ မူးယစ်ဆေးဝါးတင်သွင်းမှုနှင့် လက်ဝယ်ထားရှိမှုဥပဒေအရ အရေးယူခံရဖွယ်ရှိသည်။ **(အင်တာနက်)**

ကူရိုင်းကျွန်းများ သူပိုင်ကိုယ်ပိုင်အငြင်းပွားမှုဖူလျှားနှင့်ဂျပန် မဖြေရှင်းနိုင်သေး

တိုကျို ၈လိုင် ၃၁

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ သူပိုင်ကိုယ်ပိုင် နှစ်နိုင်ငံ အငြင်းပွားလျက်ရှိသော ကျွန်းများနှင့်ပတ်သက်၍ ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ပြေလည်သင့်တင်းတက်အောင်ဖြေရှင်းရန် မရသေးကြောင်း ၈လိုင် ၃၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည်မှာ (၆၇)နှစ်တိုင် ကြာခဲ့ပြီဖြစ်သော်လည်း နယ်မြေအငြင်းပွားမှုကို ယခုတိုင် မမြေရှင်းနိုင်ခဲ့ခြင်းမှာ များစွာဝမ်းနည်းဖွယ်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်နှင့် ၎င်လိုင် ၂၈ ရက်က တွေ့ဆုံအပြီးတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုအိဆိုရှိုဝ်ဘာက သတင်းထောက်များအား ပြောကြားလိုက်သည်။ သူပိုင်ကိုယ်ပိုင် အငြင်းပွားနေသည့် ကူရိုင်းကျွန်းများသို့ ရုရှားအရာရှိများ လည်ပတ်ခြင်းအပေါ် ဂျပန်နိုင်ငံ၏ ဝေဖန်ပြောဆိုမှုများကို ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရောက ပယ်ချလိုက်သည်။

ဂျပန်နိုင်ငံ၏ ဝေဖန်ချက်များကို မိမိတို့လက်ခံကြောင်း၊ ရုရှားအာဏာပိုင်များ အနေဖြင့် ရုရှားနိုင်ငံ အစိုးရအပိုင်း၏ လှုပ်ရှားမှုများနေအခြေအနေတို့ကိုတက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရောက ပြောကြားလိုက်သည်။ **(အင်တာနက်)**

ရေကြောင်းလုံခြုံရေးအတွက် တရုတ်စစ်ရေယာဉ်များ အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီရေပြင်သို့ ဝေလွှတ်ထား

ပေကျင်း ၈လိုင် ၃၁

ဆိုမာလီလေပြင်နှင့် အေဒင်ပင်လယ်ကွေ့တို့တွင် တရုတ်နိုင်ငံက စေလွှတ်ထားသည့် ရေကြောင်းလုံခြုံရေးအစောင့် အရှောက် စစ်ရေယာဉ်ပေါင်း ၇၇၃၄ စင်း ရှိပြီဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ၎င်လိုင် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲဒုံ)**

တရုတ်ရေတပ်သည် ၂၀၀၈ ခုနှစ် ကတည်းက စတင်ကာ စစ်ရေယာဉ်များကို အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီကမ်းလွန်ရေပြင်သို့ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်လိုင် ၃၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝန်ယန်ရှန်က ပြောကြားသည်။

တရုတ်လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ကမ္ဘာ့ပြင်းခမ်းရေးလုပ်ငန်းစဉ်များ၌ ကုလသမဂ္ဂပြင်းခမ်းရေးအဖွဲ့အစည်းများတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖန် နိုင်ငံတကာသဘာဝဘေးဒုက္ခများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

လောလောဆယ်တွင် တရုတ်နိုင်ငံသား ၂၀၀၀၀ ကျော်သည် ကုလသမဂ္ဂပြင်းခမ်းရေးလုပ်ငန်းစဉ် ၁၀ ခုတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။

တစ်ဖန် ကမ္ဘာ့နိုင်ငံပေါင်း ၂၂ နိုင်ငံတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ၌လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

မလေးရှားရေနံတင်သင်္ဘောမီးလောင် သေဆုံးသူ ငါးဦးအထိရှိလာ

ကွာလာလမ်ပူ ၈လိုင် ၃၁

မလေးရှားနိုင်ငံအရှေ့ပိုင်း ကမ်းလွန်ကျွန်းတစ်ကျွန်း အနီးတွင် ရေနံတင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားရာ သင်္ဘောသားငါးဦး သေဆုံးခဲ့ကြောင်း၊ အချို့ပျောက်ဆုံးလျက်ရှိကြောင်း ဒုလိုင် ၃၀ ရက်က အင်တာနက်သတင်းဌာနတစ်ခုတွင် ဖော်ပြသည်။

ငါးဦးမြောက်တွေ့ရှိရသည့်သူမှာ အသက် ၂၁ အရွယ်ရှိ မိုဟာမက်နာဇရင်ဖြစ်ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ဖြစ်သည်။ ၎င်း၏ရုပ်အလောင်းကို မီးလောင်နေသည့် သင်္ဘော အတွင်းပိုင်း၌ ပိတ်မိသေဆုံးနေသည်ကိုတွေ့ရှိရသည်။

အဆိုပါသင်္ဘောသည် မလေးရှားနိုင်ငံတကာသင်္ဘော ကော်ပိုရေးရှင်း(အမ်အိုင်အက်စ်စီ)မှ ပိုင်ဆိုင်သည့် အဓိကဘင်္ဂါ အယ်ဒီနီရာသင်္ဘောဖြစ်သည်။ ၎င်းသင်္ဘောသည် လာဘန်ကျွန်း အနီးတွင် မုန်တိုင်းဇာတ်ခဲရပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျ၌ ခိုလှုံရန် ရေကြောင်းမှ ရောက်လာသူများ ၂၀၁၂ ခုနှစ်တွင် စံချိန်တင်များပြား

ဆစ်ဒနီ ၈လိုင် ၃၁

ဩစတြေးလျရေပိုင်နက်အတွင်း ရေယာဉ်ဖြင့်ဝင်ရောက်လာပြီး ဩစတြေးလျနိုင်ငံ၌ ခိုလှုံဝင်ရောက်ရန် ကြိုးပမ်းသူဦးရေမှာ ၂၀၁၂ ခုနှစ်တွင် စံချိန်တင်များပြားလာကြောင်း ဩစတြေးလျမီဒီယာက ဒုလိုင် ၃၀ ရက်တွင် ဖော်ပြသည်။

ကျော်လွန်ခဲ့သွား

၂၀၁၂ ခုနှစ်အတွင်း ယခုအချိန်အထိ ရေကြောင်းမှ ရောက်ရှိလာသူဦးရေမှာ ၆၇၆၅ ဦးရှိကြောင်း တရားဝင်စာရင်းမှတ်တမ်းများက ဖော်ပြလျက်ရှိသည်။ ယင်းမှာ ၂၀၁၀ ခုနှစ်က ၆၅၅၅ ဦး ရောက်ခဲ့သည့် စံချိန်ကို ကျော်လွန်သွားပြီဖြစ်ကြောင်း ဩစတြေးလျအာဒ်လွှင့်ကော်ပိုရေးရှင်း (အေဘီစီ)က ကြေညာသည်။

ဩစတြေးလျအစိုးရအနေဖြင့် နိုင်ငံအတွင်းသို့ ရေကြောင်းမှ ဝင်ရောက်လာမှုကို လောလောဆယ်တွင် တားဆီးနိုင်ခြင်းမရှိရကြောင်း ထိုစာရင်းများက ပြသနေသည်ဟုလည်း တာဝန်ရှိသူတစ်ဦးက ထောက်ပြဝေဖန်ပြောကြားသည်။

ဒိုးဝင်လာသူများ၏ ရေယာဉ်နှစ်စင်းကို ဩစတြေးလျအစိုးရကင်းလှည့်သည့် ရေယာဉ်များက ၎င်လိုင် ၂၈ ရက်တွင် ဖမ်းဆီးလိုက်ပြီး ရေယာဉ်ပေါ်လိုက်ပါလာသူများကို ခရစ္စမတ်ကျွန်းသို့ပို့ပြီး ဒါဝင်အကျဉ်းစခန်းတွင် ဖမ်းဆီးထားရသည်ဖြစ်ကြောင်း သိရှိရသည်။ **(အင်တာနက်)**

ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်လာသူများကို တွေ့ရစဉ်။

နိုင်ငံတကာသတင်းအတိုအထွာ ၃၁-၇-၂၀၁၂

တင်မောင်လွင်(ဖြန်မာ့အလင်း) – စုစည်းသည်

ပိုလန်အလယ်ပိုင်းတွင် ရထားနှင့်ကားတိုက်

ပိုလန်နိုင်ငံအလယ်ပိုင်းတွင် ဒုလိုင် ၃၀ ရက်က ရထားတစ်စင်းနှင့် ဘတ်စ်ကားတစ်စီးတို့ တိုက်မှုဖြစ်ပွားရာ ယာဂင်မှိန်းနိုင်ငံသားများအပါအဝင် ကိုးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ (အပေါ်ပုံ)

ကနဦးနံစစ်ဆေးချက်အရ အဆိုပါဘတ်စ်ကားပေါ်တွင် ယာဉ်မောင်းတစ်ဦး၊ နှင့် ခရီးသည်များအပါအဝင် စုစုပေါင်း ၁၁ ဦးပါရှိကြောင်း၊ ၎င်းတို့မှာ ယာဂင်မှိန်းနိုင်ငံသားများနှင့် ပိုလန်နိုင်ငံ တာနိုပိုဒေသမှ ဒေသခံများဖြစ်ပြီး အလုပ်လုပ်ရန်အတွက် ပိုလန်နိုင်ငံသို့သွားကြသူများဖြစ်ကြောင်း ယာဂင်မှိန်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒြားဒိုင်ဂူဆာရွောစ်က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဘတ်စ်ကားသည် အဆိုသားသုံးဦးနှင့် အမျိုးသမီးခုနစ်ဦးကို တင်ဆောင်လာပြီး ပိုလန်နိုင်ငံအလယ်ပိုင်း လော့ဇ်ဖြို့အနီး ရထားလမ်းနှင့်ကားလမ်းဆုံ တစ်နေရာ၌ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တိုက်မှုကြောင့် ကိုးဦးသေဆုံးခဲ့ကြောင်း နိုင်ဂူဆာရွောစ်က ထပ်မံပြောကြားသည်။ ရှစ်ဦးမှာ ဓနရာတွင် ပွဲချင်းပြီးသေဆုံးကာ တစ်ဦးမှာ ဒေသတွင်းဆေးရုံ၌ ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ပြီးခဲ့သည့် မတ်လကလည်း ပိုလန်တောင်ပိုင်းတွင် ရထားနှစ်စင်းခေါင်းချင်းဆိုင် တိုက်မှုကြောင့် ၁၆ ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းကြောင့် သုံးဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတွင် ဘာအိုလာ (Saola) အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံအတွင်းရှိ ဒေသအချို့တို့တွင် မီးသည်းထန်စွာရွာသွန်းသဖြင့် လူသုံးဦး သေဆုံးကာ ငါးဖမ်းသမားလေးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရအရာရှိများက ၎င်လိုင် ၃၀ ရက်တွင် ပြောကြားသည်။ သေဆုံးသူများမှာ အသက် ၄၂ နှစ်အရွယ် တီတိုဒိုရို့ အသက် ၃၃ နှစ်အရွယ် ရို့နယ်နီကော်နှင့် အသက် ၆၀ အရွယ် အာနက်စ်ဖလော့ရက်စ်တို့ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် သက်သာလျော့ပါးရေးနှင့်ကာကွယ်ထိန်းချုပ်ရေးဗေါဒ်းဆောင်ဘင်နီတိကိရာမြို့စိက ပြောကြားသည်။ တီတိုဒိုရို့မှာ ဒုလိုင် ၂၉ ရက်က စမ်ပါဘလိုပြီ၌ စိန့်ဝီယာဂိုးကျေးရွာတွင် အုန်းပင်တစ်ပင်ပြိုလဲမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး နီကော်မှာ ဖိလစ်ပိုင် အလယ်ပိုင်း အင်တီဂွပြည်နယ်တွင် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အာနက်စ် ဖလော့ရက်စ်မှာ ရွန်ဘလွန်ပြည်နယ်တွင် ကူးတို့ရေယာဉ်မှောက်ပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ဘင်္ဂီတိုတီရာမြို့စိက ပြောကြားခဲ့သည်။ ဖိလစ်ပိုင်မြောက်ပိုင်း မင်္ဂိုရာပြည်နယ် ဆာအလာယန်မြို့မှ ငါးဖမ်းသမားလေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ပြည်နယ်များတွင် ၎င်းမှစ်တိုင်းကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ပြီး စုစုပေါင်းပျက်စီးမှု တန်ဖိုး အဝေခိုကာသဘာဝ သိန်း ၄၀၀၀၀ ကျော်ရှိကြောင်း အစိုးရ၏အစီရင်ခံစာတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်ပြောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံအနောက်ပြောက်ပိုင်း ရီကျန်ယုဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒုလိုင် ၃၀ ရက် နံနက်က မြေပြိုမှုတစ်ခုဖြစ်ပွားပြီးနောက် ခုနစ်ဦးသေဆုံးပြီး ၂၁ ဦးနှင့် ဒေသခံခြောက်ဦး ရွှံ့နှစ်များနှင့် အပျက်အစီးများဆောက်စ်ဖြပ်ခဲ့ကြောင်း၊ အရှည် ၆၀၀၊ အကျယ် ၆၀ နှင့် အနက် ငါးမီတာမှ ခြောက်မီတာရှိ မြေပြိုမှုဖြစ်ပွားရာနေရာအတွင်း အပျက်အစီးများဆောက်မှု သေဆုံးခုနစ်ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း အဆိုပါခြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ ကယ်ဆယ်ရေးသမား ၅၀ ကျော်တို့က ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိသည်။ (အောက်ပုံ) (အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာသတင်းမှတ်စု

ကမ္ဘာကုန်သွယ်ရေးအဖွဲ့၏ (၁၅၆)နိုင်ငံမြောက်အဖွဲဝင်အဖြစ် ဗြာဖီ ရုရှားနိုင်ငံ ရောက်ရှိလာတော့ဧည့်

ရုရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ဝင်ရောက်ရန် ဆယ်စုနှစ် နှစ်ခုမျှ ကြိုးပမ်းလာခဲ့ပြီးနောက် ယခုအခါ ဒဗလျူတီအို၀င်ရေး ဥပဒေကြေးကို ရုရှားသမ္မတ ဗလာဒီမာပူတင်က လက်မှတ်ရေးထိုး အတည်ပြုပေးလိုက်ပြီဖြစ်သည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် နဝမမြောက် စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ အပြင်ဘက်တွင်မူ စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံ ဖြစ်သည်။ ဒဗလျူတီအိုသို့ ရုရှားနိုင်ငံ ဝင်ရောက်ရေးဥပဒေကြေမ်းကို ရုရှား သမ္မတ ပူတင်က ၂၀၁၂ ခုနှစ် ဧပြီလ ၂၀ ရက်တွင် လက်မှတ်ရေးထိုးပေး လိုက်သည်။ ဤဥပဒေကြေမ်းကို ရုရှား နိုင်ငံ၏ အောက်လွှတ်တော်ဖြစ်သော ဂူးမားက ဧပြီလ ၁၀ ရက်တွင် လည်း ကောင်း၊ ဖက်ဒရယ်ကောင်စီခေါ် ရုရှားအထက်လွှတ်တော်က ဧပြီလ ၁၈ ရက်တွင်လည်းကောင်း အတည်ပြုပေးခဲ့သည်။

ဖြည်ပြင်ပေး

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ ဝင်ရောက်လိုသည့် နိုင်ငံများသည် လက်ရှိအဖွဲ့ဝင်နိုင်ငံများ အတည်ပြုထားသော စည်းကမ်းသတ်မှတ်ချက်များကို သဘောတူညီမှုရှိရမည်ဖြစ်သည်။ ထို့ပြင် မိမိနိုင်ငံ၏ ဥပဒေများမှာ ဒဗလျူတီအို၏ ဥပဒေများနှင့်အညီ ဖြစ်အောင် ပြုပြင်ပေးရမည်ဖြစ်သည်။

ရုရှားနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးမှာ ၁၈ နှစ်ကြာခဲ့ပြီဖြစ်သည်။ ထိုအဆောအထွင်း ၂၀၁၁ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သွားသည်။ ထို့ကြောင့်ပင် ရုရှားနိုင်ငံမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ပြင်ပတွင် စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။ ရုရှားနိုင်ငံအား အဖွဲ့ဝင် အဖြစ် လက်ခံရေးကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက် အထိပြုလုပ်သည့် (၈)ကြိမ်မြောက် ကုန်သွယ်ရေးဝန်ကြီးများ ကွန်ဖရင့် တွင် အတည်ပြုခဲ့သည်။ ဥပဒေကြေမ်းကို ရုရှားသမ္မတကိုယ်တိုင် လက်မှတ်ရေး ထိုး အတည်ပြုပြီးကြောင်းကို ဂျီနီဗာရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ရုရှားနိုင်ငံက ၎ရက်တွင် တရားဝင်အသိ ပေးလိုက်သည့်အတွက် ရက်ပေါင်း ၃၀ အကြာ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ရုရှားနိုင်ငံသည် အလိုအလျောက် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့မည်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သည် နိုင်ငံတကာ ကုန်သွယ်ရေးကို

ဒဗလျူတီအိုသို့ ရုရှားနိုင်ငံဝင်ရောက်ရေးဥပဒေကြေမ်းကို ရုရှားသမ္မတ ပူတင က ၂၀၁၂ ခုနှစ် ဧပြီလ ၂၁ ရက်တွင် လက်မှတ်ရေးထိုးပေးလိုက်သည်။

ကြားကြပ်ရန်နှင့် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ပေါ်ပေါက်လာသည်။ ဤအဖွဲ့ကြီးသည် ၁၉၄၈ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်သည့် အခွန်အကောက်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူစာချုပ် (၀တ်)အဖွဲ့ကို အစားထိုးပေါ်ပေါက်လာသည့် အဖွဲ့ဖြစ်သည်။

လက်ခံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၌ ဌာနချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ ပြည်နယ် ဖွင့်လှစ်ထားပြီး အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်မှာ ပါကistanလာခံဖြစ်သည်။ လောလောဆယ်တွင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့တွင် အဖွဲ့ဝင် စုစုပေါင်း ၁၅၅နိုင်ငံ ရှိသည်။ ထို့ပြင် ရုရှားနိုင်ငံအပါအဝင် လေ့လာသူ နိုင်ငံ ၂၉ နိုင်ငံရှိသည်။ ဥရောပသမဂ္ဂ (အီယူ)သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သည်။ အဖွဲ့ဝင် အဖြစ် လက်ခံရာတွင် အချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်မှသာ ရွေးချယ်လက်ခံ ကြားလိုက်သည်။

ဝင်ရောက်ခဲ့

ရုရှားနိုင်ငံအနေဖြင့် ဤအခြေသို့ ဆိုက်ရောက်ရန် ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရကြောင်း၊ သို့သော် ယခုအခါတွင် ရုရှားနိုင်ငံက နောက်ဆုံး အခက်အခဲကိုကျော်လွှားကာ ဩဂုတ် ၂၂ ရက်တွင် ရုရှားက သူ့နေရာမှနိုက် ရောက်မြို့ပြီး ဒဗလျူတီအို၏ ၁၅၆ နိုင်ငံ မြောက် အဖွဲ့ဝင်ဖြစ်လာတော့မည်ဖြစ် ကြောင်း အဖွဲ့ညွှန်ကြားရေးမှူးချုပ် ပါစကယ်လာမီက ထုတ်ဖော်ပြောကြား သည်။ရုရှားနိုင်ငံအရှင် နောက်ဆုံးပိတ် အဖွဲ့ဝင်ဖြစ်လာကြသည့် နိုင်ငံများမှာ အဖွဲ့ဝင် ၁၅၄ ဖြစ်သည့် မွန်ဂိုးနိုးရှိ နိုင်ငံနှင့် အဖွဲ့ဝင် ၁၅၅ ဖြစ်သည့် ဆာမိုအာနိုင်ငံတို့ဖြစ်ကြသည်။ မွန်ဂိုနိုးရှိနိုင်ငံက ဒဗလျူတီအိုသို့ ၂၀၁၂ ခုနှစ် ဧပြီ ၂၉ ရက်တွင်လည်းကောင်း၊ ဆာမိုအာနိုင်ငံက ဒဗလျူတီအိုသို့ ၂၀၁၂ ခုနှစ် မေ ၁၀ ရက်တွင် လည်းကောင်း အသီးသီး ဝင်ရောက်ခဲ့ကြသည်။

ယခု နောက်ဆုံးဝင်ရောက်သည့် ရုရှားနိုင်ငံအနေဖြင့် ဒဗလျူတီအို ဝင်ရောက်ရေးအတွက် အဓိက ဆောင် ရွက်ရသည်ကိစ္စမှာ အခွန်အကောက် နှုန်းထားများ လျော့ချပေးခြင်းဖြစ် သည်။ မည်သို့ပင်ဖြစ်စေ ရုရှားနိုင်ငံ ဒဗလျူတီအို အဖွဲ့ဝင်ဖြစ်လာဖြင့် စီးပွားရေးစံခေါ်မှုများနှင့် ပိုမိုရင်ဆိုင် လာရပြီး ရေရှည်တွင် ၎င်း၏ ဂျီဒီပီမှာ ၁၁ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းရသည်။ ရုရှားနိုင်ငံကမူ ဒဗလျူတီအိုဝင်ရောက်ခြင်းဖြင့် ရေနှံနှင့် သဘာဝဓာတ်ငွေ့ရောင်းချမှုအပေါ် ပိုမိုမှီ လျောပါးသွားစေလိမ့်မည်ဟု မျှော်မှန်း ကြောင်း သိရသည်။

ကိုးကား - အင်တာနက်

တိုး--ဇေးသားသည်

အယ်လ်ဂျီးရီးယား။ ဘော့စနီးယား။ ဆားဘီးယား။ ဥရောက်ကမ္ဘတန်၊ ကာဇက်စတန်နိုင်ငံတို့ ပါဝင်သည်။

ရုရှားနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ ဝင်ရောက်လာခြင်းကို အဖွဲ့၏ညွှန်ကြားရေးမှူးချုပ် ပါစကယ်လာမီက ဧပြီလ ၂၂ ရက်တွင် ကြွေဆိုလိုက်ပြီး လာမည့်လတွင် အဖွဲ့၏ အစည်းအဝေးသို့ ရုရှားနိုင်ငံ တက် ရောက်နိုင်ကြောင်းလည်း ပြောကြားလိုက်သည်။

အာကာသသင်္ဘော

မိုးမြင့်လင်းလက် -- ဇေးသည်



လမျက်နှာပြင်ကို လေ့လာမှုပြုလုပ်ရန် လူလိုက်ပါမည့်အာကာသယာဉ် အိန္ဒိယသ္ဘတ်တင်မည်

နယူးဒေလီ ဧပြီ ၃၁

အိန္ဒိယနိုင်ငံသည် လေလှေလာနေ၁ရီးစဉ်တစ်ခုဧလွေတ်ရန် စီစဉ်လျက်ရှိပြီး အဆိုပါခရီးစဉ်တွင် လူလိုက်ပါနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယ အာကာသသိပ္ပံပညာရှင်များက ဇူလိုင် ၂၉ ရက်တွင် မြောကြားသည်။

ခြေလှမ်းရေး

အိန္ဒိယနိုင်ငံသည် ခုနှ၁ရာစုန်-၂ အမည်ရှိ လလှေလာနေအစီအစဉ်ကို ချမှတ်ထားပြီး ဆောင်ရွက်လျက်ရှိသည်။ လူလိုက်ပါသည့် လလှေလာနေယာဉ်ဖြင့် လမျက်နှာပြင်ပေါ်တွင် ခြေချနိုင်ရေးကို ကြိုးစားလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ယခင်က ခုနှ၁ရာစုန်-၁ အမည်ရှိ လလှေလာနေ၁ရီးစဉ်ကို စေလွှတ်ခဲ့ဖူးသည်။ (**အပေါ်ပုံ**)သို့သော် လမျက်နှာပြင်ပေါ်၌ လှေလာနေ လုပ်ငန်းများ အချိန်ကြာရှည်စွာ မလုပ်ကိုင်နိုင်ခဲ့ချေ။ လလှေလာနေကို အစိတ် အပိုင်းတစ်ရပ်အဖြစ်သာ လုပ်ကိုင်နိုင်ခဲ့သည်။

ယခုအခါ လူလိုက်ပါမည့် လလှေလာနေ၁ရီးစဉ် အောင်မြင်ရန်အတွက် စက်ရုပ်လက်တံများ၊ ကင်မရာများ၊ အထူးလှေ့လာနေစနစ်သို့ အာရုံခံကိရိယာများကို တပ်ဆင်သွားရန်လည်း စီစဉ်လျက်ရှိသည်။

တပ်ဆင်မည်

လလှေလာနေ၁ရီးစဉ်တွင် အသုံးပြုရန် အထူးတီထွင်ထုတ်လုပ်မည့် အာကာသယာဉ်နှင့် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်လှေ့လာမည့် လဆင်းယာဉ် တွင်လည်း ကြိုက်တုကင်မရာများ တပ်ဆင်မည်ဖြစ်သည်။ တစ်ဖန် လဆင်းယာဉ်တွင် လမျက်နှာပြင်ပေါ်၌လှေ့လာမည့် စက်ရုပ်လက်တံတစ်ခုကိုလည်း တပ်ဆင်မည်ဖြစ် သည်။

အိန္ဒိယနိုင်ငံအနေဖြင့် လူလိုက်ပါမည့် လလှေလာနေစီမံကိန်း၁ရီးစဉ် အကောင်အထည်ဖော်ရန် အနည်းဆုံးသုံးနှစ်ခန့်ကြာမြင့်နိုင်မည်ဟု အိန္ဒိယသိပ္ပံ ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

အိုလံပစ်အားကစားမြင်ကွင်း

ဂရိတ်ပြိတိန်အမျိုးသမီးဟော်လီဟောအသင်း အာဖရိကချစ်ပီယံ အယ်လ်ဂျီးရီးယားကို အနိုင်ကစား

လန်ဒန် ဧပြီ ၃၁

လန်ဒန် ၂၀၁၂ အိုလံပစ်အားကစားပြိုင်ပွဲများကို ဇူလိုင် ၃၁ ရက်တွင် ဆက်လက်ကျင်းပလျက်ရှိသည်။ အမျိုးသမီးဟော်လီဟောပြိုင်ပွဲတွင် ဂရိတ်ပြိတိန် အမျိုးသမီးဟော်လီဟောအသင်းက အာဖရိကခွန်ပီယံ အယ်လ်ဂျီးရီးယားအသင်းကို ပွဲဦးထွက် အနိုင်ရရှိသွားခဲ့သည်။



ပဉ္စဦးပြိုင်ကစား

အိမ်ရှင်ပြိတိန်အမျိုးသမီး ဟော်လီဟောအသင်းက အယ်လ်ဂျီးရီးယား အမျိုးသမီးဟော်လီဟောအသင်းကို ၂၂-၂၅၊ ၂၅-၁၉၊ ၂၃-၂၅၊ ၂၅-၁၉၊ ၂၅-၈ တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂရိတ် ပြိတိန် အမျိုးသမီးဟော်လီဟောအသင်း သည် ဩဂုတ် ၁ ရက်တွင် အုပ်စု (A) မှ အီတလီအမျိုးသမီးဟော်လီဟောအသင်း နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ဝဲဒုံ)**

လက်ရှိအိုလံပစ်ခုနှစ်ပီယံ ဘရာဇီး အမျိုးသမီးဟော်လီဟောအသင်းသည် အမေရိကန် အမျိုးသမီးဟော်လီဟော အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် နိုင်ခဲ့သည်။ ၂၀၁၀ ကမ္ဘာ့ခွန်ပီယံ အီတလီ အမျိုးသမီး ဟော်လီဟောအသင်းသည် ဂျပန်ကို သုံးပွဲ-တစ်ပွဲ ဖြင့်နိုင်ပြီး အကောင်းဆုံးလက်ရည်စွမ်းကို ရရှိထားသည်။ ရုရှားအမျိုးသမီး ဟော်လီဟောအသင်း က ဒိုဗီနီကန်အမျိုးသမီးအသင်းကို ရာနှုန်း ပြည့်အနိုင်ရရှုဖြင့် စံခိုနိုင်ပြီး အကောင်း ဆုံးလက်ရည်စွမ်းကို ရရှိထားသည်။ ထို့အတောအတွင်း အုပ်စု(B)တွင် တရုတ်အမျိုးသမီးဟော်လီဟောအသင်း က တူရကီကို သုံးပွဲ-တစ်ပွဲဖြင့် နိုင်ထား သည်။ **(အင်တာနက်)**

ဖြင့်မောင်ဦး -- စုစည်းသည်



လန်ဒန်အိုလံပစ် စတုတ္ထနေ့ ဆုရရှိမှုစာရင်း

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	ပေါင်း
၁	တရုတ်	၁၀	၅	၃	၁၈
၂	အမေရိကန်	၆	၃	၅	၁၈
၃	ပြင်သစ်	၄	၁	၄	၉
၄	မြောက်ကိုရီးယား	၃	၀	၁	၄
၅	အီတလီ	၂	၄	၂	၈
၆	တောင်ကိုရီးယား	၂	၂	၂	၆
၇	ဂျာမနီ	၂	၂	၁	၅
၈	ရုရှား	၂	၀	၄	၆
၉	ကာဇက်စတန်	၂	၀	၀	၂
၁၀	ဂျပန်	၁	၄	၃	၁၂

လစ်ဘူယေးနီးယားရေကူးမယ် အသက်အငယ်ဆုံး ရွှေတံဆိပ်ဆုဆွတ်ခူး

လန်ဒန် ဧပြီ ၃၁

လန်ဒန် ၂၀၁၂ အိုလံပစ် အားကစားပြိုင်ပွဲများကို ဇူလိုင် ၃၁ ရက်က ဆက်လက် ကျင်းပခဲ့သည်။ လစ်ဘူယေးနီးယား နိုင်ငံမှ အသက် ၁၅ နှစ်အရွယ်ရှိ ရေကူးအားကစားမယ် ရုတာမီလူတိုင်ဘေး (**ဝဲဒုံ**)သည် အမျိုးသမီးမီတာ ၁၀၀ ဘရက် စတုတ်ရေကူးပြိုင်ပွဲတွင် အမေရိကန်နာမည်ကြီး ရေကူးချစ်ပီယံ ရောတက်ကာဆိုနီကို ကျော်ဖြတ်ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူး ရရှိသွားခဲ့သည်။ မီလူတိုင်ဘေးသည် အဆိုပါပြိုင်ပွဲတွင် စံချိန် ၁ မိနစ် ၀၅ ၁၁ဃ ၄၄ စက္ကန့်ဖြင့် ပန်းဝင်ရိုလ်ဖွင့်နိုင်ခဲ့သည်။ အမေရိကန် ရေကူးချစ်ပီယံ ဆိုနီက စံချိန် ၁ မိနစ် ၀၅ ၁၁ဃ ၅၅ စက္ကန့်ဖြင့် ဒုတိယ ရွေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။ ဂျပန် ရေကူးအားကစားမယ် ဆူရူကီးက ယင်းပြိုင်ပွဲ တွင် စံချိန် ၁ မိနစ် ၀၆ ၁၁ဃ ၄၆ စက္ကန့်ဖြင့် တတိယပန်းဝင်ပြီး ကြေးတံဆိပ်ဆုဆွတ်ခူး ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဩစတြေးလျ နိုင်ငံမှ လက်ရှိအိုလံပစ်ချစ်ပီယံ လီဆဲလ်ကျစ်က ပဉ္စမဘာရရှိခဲ့သည်။ရွှေတံဆိပ်ဆု ဆွတ် ခူးရရှိသွားသော အသက် ၁၅ နှစ်အရွယ် မီလူတိုင်ဘေးသည် အိုလံပစ်သမိုင်းတွင် အသက်အငယ်ဆုံး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင် သည့် အားကစားမယ်ဖြစ်သကဲ့သို့ လစ်ဘူ ယေးနီးယားနိုင်ငံအတွက်လည်း ပထမဆုံး ရွှေတံဆိပ်ဆု ဆွတ်ခူးပေးလိုက်ခြင်းပင်ဖြစ် သည်။ ၎င်းသည် လွန်ခဲ့သောသုံးနှစ်က ဖြိတ်နိုင်ငံသို့ ၎င်း၏ခေနှင့် ပြောင်းရွေ့ လာခဲ့ပြီးနောက် အင်လိပ်နည်းပြု ဂျွန်ရှသ်က လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

❐ *ပြည်သူ့ယုတ်တော်မှ*

လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ ရှိ/မရှိနှင့် ရှင်းပြည်နယ် အင်းလေးကန်နှင့်ကယားဖြည်နယ် လွိုင်ကော်ဖြို့အကြား ရေကြောင်းခရီး ပြန်လည် သွားလာနိုင်စေရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရပ်ဝေးကိုမဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ကိုယ်စားမေးမြန်းရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရေပေးမြောင်းမကြီး၊ လက်တံမြောင်းများ၊ မိုင်နာမြောင်းများကို ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ရေပေးမြောင်းမကြီး(လက်ပံ၊ လက်ယာ)ပို့စ်ကျတွေ့ဖော်ခြင်း(၁၂ ဒသမ ၆၄)မိုင်၊ လက်တံမြောင်းများ ပို့စ်ကျတွေ့ဖော်ခြင်း(၃)မိုင်၊ မိုင်နာမြောင်း အနှ(၂၀)ခု သဲနန်းတူးဖော်ခြင်း လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသော ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဆက်လက်တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိသည်ဟုအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် ရှမ်းပြည်နယ် အင်းလေးကန်နှင့် ကယားပြည်နယ် လွိုင်ကော်ဖြို့အကြား ရေကြောင်းခရီး ပြန်လည်သွားလာနိုင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် လက်တလော အချိန်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ကျန်းမာရေးဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ကပြန်လည်ဖြေကြားသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၏ **စစ်မှန်သော၊ အရည်အသွေး ပြည့်စီသော ဆေးဝါးများ၊ သန့်ရှင်း၍ အန္တရယ်ကင်းသော စားသုံးဆီနှင့် အစားအစာများကို** ရေးသွင်းရောင်းချနိုင်ရေး အတွက် ဘာလုပ်ဆောင်ထားသလဲ၊ ဆေးဝါးစိစစ်ရေးယန္တရားများ ဘယ်လိုရှိသလဲ၊ ဆေးဝါးစိစစ်ရေးယန္တရားများ ရှိသော်လည်း ဆေးဝါးအရည်အသွေး ကောင်းမွန်ရေးအတွက် ဘာလုပ်ဆောင်ထား

❍ *အမျိုးသားလွတ်တော်မှ*

အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများအရ မြို့နယ်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းရန် မလိုအပ်သေးသည့်အတွက် မြို့နယ်ခွဲအဖြစ်သာ ဆက်လက်ထားရှိသင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလဲထန်ထိုင်း၏ **"ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးကိစ္စ"** နှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးပုဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၈) ကို နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးပုဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၇။) ကို နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ် မတ် ၂၈ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ (က) (၂)နှင့်အညီ ပြည်ထဲရေးနှင့်ကြီးပွားရေး ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် ဇူလိုင် ၆ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး အနီးကပ်ဆုံးကျင်းပသည့် ပြည်သူလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးကာလတွင် သက်ဆိုင်ရာဘွဲ့ဌာန ခွဲပြသည်အစီအစဉ်နှင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရန်အတွက် ၂၀၁၂ ခုနှစ် ဇူလိုင် ၆ ရက်တွင် လွှတ်တော်ခုံးသို့ ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

သို့သော် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးပုဒေ အခန်း(၁၂)တွင် ပါသည့် ဦးဖြွဲ့ထောက်ပံ့ငွေနှင့် အခန်း(၁၃)တွင်ပါသည့် ရံးသုံးစရိတ်ဆိုင်ရာပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၂)ကို တင်ပြခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးအတည်ပြုချက်များရရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ရွေးချယ်တာဝန်ပေးဝတ္တရားကျေပွန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးပုဒေ အခန်း (၃) ပုဒ်မ ၆ နှင့် ၇ တို့အရ ကြီးကြပ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်လွိုင်၏ **"ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဒဏ် ခံစားခဲ့ရသော ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည် ရောက်ရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည့် ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် နောင်အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး၊ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရေးကိုအတွက် ရရှည်အစီအမံများ ချမှတ်ရေးဆွဲထားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် ဒွန်လအကတွင်းက ဆုပ္အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းနိုင်ရန် စစ်တွေမြို့၊ မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ ကျောက်ဖြူမြို့၊ ရမ်းပြည်နှင့် သံတွဲမြို့များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းခဲ့ရပါကြောင်း။ ဆက်လက်ပြီး ခိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(က)အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကိုထုတ်ပြန်ပြီး အနေထေါ်အခြေအနေသတ်မှတ်ခဲ့ရပါကြောင်း။ ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ခဲ့သည့် မောင်တောမြို့နယ်၌ ၂၀၁၂ ခုနှစ် ဇွန် ၈ ရက် ပြစ်မှုဆိုင်ရာအထွေထွေ အမှုအမှတ် ၁/၂၀၁၂ အရ ညမထွက်ရအမိန့်အမှတ် ၁/၂၀၁၂ ထုတ်ပြန်ခြင်း၊ အလားတူ ဘူးသီးတောင်မြို့နယ်တွင်လည်း ထုတ်ပြန်ခဲ့ပြီး စစ်ထွေးမြို့နယ်၊ သံတွဲ၊ ကျောက်ဖြူနှင့် ရမ်းပြဲမြို့နယ်တို့တွင် ၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်တို့၌ အသီးသီးထုတ်ပြန်ထားသော်လည်း ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ခဲ့နှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရသဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်၌ ဥပဒေကဲ့သို့ အာဏာတည်သောအခိန်အဖုတ် ၁/၂၀၁၂ ကို ထုတ်ပြန်ပြီး ပြည်နယ်တစ်ခုလုံးကို အရေးပေါ်အခြေအနေ ကြေညာဆောင်ရွက်ခဲ့ပါကြောင်း။

နယ်စပ်ရေးရာနှင့်ကြီးပွားရေး ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ရေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လှဝင်မူကြာကြပ်ရေးနှင့် ပြည်သူ့ အင်အားနှင့်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ ပါဝင်သည့်အဖွဲ့ကို ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စောင့်ရှောက်ရေးစခန်းများ၏လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခဲ့ပြီး စာရင်းစစ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရန် ကြပ်မတ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ် ဇွန် ၂၂ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအဝဲခဲ့ပြီး ဖြစ်ပါကြောင်း။

ပြည်သူများ မူလအခြေအနေကို အမြန်ဆုံးပြန်လည်ရောက်ရှိစေရန်အတွက် ပထမအဆင့်အနေဖြင့် အကြမ်းဖက်မှုဇာတ် ခံစားနေရသည့် ပြည်သူများနှင့် ကြောက်ရွံ့စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများကို ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ယာယီထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ဒုတိယအဆင့်အနေဖြင့် ပျက်စီးဆုံးဖြစ်မှု စာရင်းများကောက်ယူပြီး လတ်တလော အရေးပေါ်လိုအပ်ချက်ဖြစ်သည့် အမှီးအကာ၊ အစားအစာ၊ သောက်သုံးရေ၊ ဆေးဝါးနှင့်အဝတ်အထည်များ ထောက်ပံ့ပေးခြင်း၊ တတိယအဆင့်အနေဖြင့် ရေရှည်ရပ်တည်နိုင်ပြီး မူလအခြေအနေအတိုင်း ပြန်လည် လုပ်ကိုင်စားသောက်နိုင်ရန် အစီအမံများနေဆဲဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ် ဇူလိုင် ၈ ရက်အထိ စာရင်းကောက်ယူရရှိမှုအရ ကယ်ဆယ်ရေးစခန်းအရေအတွက်မှာ စစ်တွေမြို့တွင် (၆၀) ရေသွေးတော်မြို့တွင် (၄)ခုနှင့် ဆောင်တောမြို့တွင် (၃)ခု စုစုပေါင်း ကယ်ဆယ်ရေးစခန်း (၇၁)ခုဖြစ်ပြီး လူဦးရေ ၅၅၅၉၅)ဦးတို့ကို ကူညီစောင့်ရှောက်ပေးခဲ့ပါကြောင်း။ မောင်တောမြို့နယ်အတွင်း မီးလောင်ပျက်စီးသွားသည့် ကျေးရွာ (၉)ရွာမှ အိမ်ခြေ(၄၇၀)လုံးအနက် (၃၉၅)လုံးကို အသစ်ပြန်လည် ဆောက်လုပ်ပြီး မီးမလောင်ဘဲကျန်ရှိနေသည့် အိမ်(၉၄)လုံးကို ပြန်လည်ပြင်ဆင်ပေးပြီး ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ဇူလိုင် ၂ ရက်နေ့အထိ အိမ်သစ် (၃၂)လုံးကို တည်ဆောက် လျက်ရှိပြီး အိမ်(၅၈)လုံးကို ပြုပြင်ပေးပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ် ဇွန် ၂၂ ရက်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး အစုလိုက်ပုံငါးဝိုင်းစစ်ဘွားနှုပ်ချုပ်တို့ပြီးမှုများ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် မူလက ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများသာ နေထိုင်ခဲ့သော်လည်း ဘင်္ဂလီလူမျိုးများ၏ တရားမဝင်စိမ့်ဝင်ပျံ့နှံ့လာမှု၊ ကာလကြာမြင့်စွာ အခြေချနေထိုင်လာမှုများကြောင့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ဘင်္ဂလီလူမျိုး (၉၄)ရာခိုင်နှုန်းနှင့် တိုင်းရင်းသား (၆)ရာခိုင်နှုန်း နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နယ်စပ်ဒေသလုပ်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်သည် လက်ရှိအခြေအနေနှင့် ကိုက်ညီသော ဘင်္ဂလီလူမျိုးများ ခရီးသွားလာခြင်း၊ မွေးမွားခြင်း၊ သေဆုံးခြင်း၊ ပြောင်းဝင်ခြင်း၊ ပြောင်းထွက်ခြင်း၊ လက်ထပ်ခွင့်ပြုခြင်း၊ ဘာသာရေးအဆက်အဆံများ အသစ်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ နေရာပိုင်ဆိုင်မှုခွင့် အဆောက်အအုံ ဆောက်လုပ်ခွင့်တို့ကို ဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း တရားမဝင် ဝင်/ထွက် သွားလာမှုကို ထိန်းချုပ် ကာကွယ်ရေးတပ်တိုးအဖြစ် တောင်ကုတ်ဒေသနှင့် ဘူးသီးတောင်ဒေသများတွင် ဖွဲ့စည်းကာရဲထားရှိပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့တွင် လက်ရှိဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် ရဲစခန်း(၇၅)ခုအပြင် ရဲစခန်း(၃၀)တို့ကို ထပ်မံဖွင့်လှစ်ရန်နှင့် ရဲစခန်း (၈)ခုကို အဆင့်တိုးမြှင့်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အုပ်ချုပ်ရေးတိုင်းအဖြစ် ဌာနဆိုင်ရာများက မောင်တောခရိုင်ကို ဖွဲ့စည်းပုံအင်အားအပြည့် ခန့်အပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။ မြို့နယ်များတွင် နယ်မြေဓါတ်ခွဲငါးဆယ်သည့် ကျေးရွာများ၌ ရဲတပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်းပါဝင်သည့် လုံခြုံရေးအစီအမံများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရောတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်မောင်ရီ၏ **"မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အား ဒေသပြည်သူ့ဆေပါ အဖို့အခိုင်းပြီး ဂုဏ်သိက္ခာရှိစွာ ရပ်တည်တာဝန် ထမ်းဆောင်နိုင်ရေးအတွက် လုံလောက်သောခရီးစရိတ်၊ ရုံးဆင့်းအဆောင်ပစ္စည်းနှင့် ရုံးသုံးစက်ပစ္စည်း စသည်တို့ကို ဌေဝရင်း ခေါင်းစဉ်အလိုက် ရန်ပုံငွေခွဲဝေချထားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရေတပ်၊ လေတပ်နှင့် ကုန်းတပ်ဖွဲ့ဝင်များ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ဦးဆောင်ပြီး ဒေသခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ကာ ဒေသတွင်း ရပ်ရွာလုံခြုံရေးနှင့် ပြည်သူ့ဘေးကင်းလုံမှုကို ကာကွယ်စောင့်ရှောက်ပေးမည့် ပုဂ္ဂိုလ်များ နည်းဥပဒေများ ကြိုတင်ရေးဆွဲပြဋ္ဌာန်းထားခြင်း၊ အခြေခံအဆောက်အအုံများ ပြင်ဆင်ဖွဲ့စည်းထားခြင်းများကို ကြိုတင်တွက်ချက်၍ ဖြည့်ဆည်းဆောင်ရွက်ထားရန် မလွဲမသွေ လိုအပ်မည်ဖြစ်ပါကြောင်း၊ ရုံးနီးမြို့နှံမှုကိုအကာအကွယ်ပေးရန်၊ စီးပွားရေးလုပ်ငန်းရှင်များ ရှင်သန်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် လုပ်ငန်းလည်ပတ်မှုချောချွေစေရန် စနစ်ကောင်းများကို ကြိုဆောင်ရွက် ပြောင်းလဲထားရှိရန် လိုအပ်ပါကြောင်း။

အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုများ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များရင်းနှီးမြှုပ်နှံမှု (Human Resources Development Investments) များကို အဓိကထား၍ စတင် အကောင်အထည်ဖော်သင့်ပါကြောင်း၊ ပညာသင်ကြားရေးကို ခေတ်စနစ် တောင်းဆို ချက်နှင့်အညီ သင်ခိုးညှက်ခြင်းမှ ကင်းစင်စေရန်တွက် သင်ကြားနည်းစနစ်များပါ ပြုပြင်ပြောင်းလဲ မှုပြုလုပ်ပြီး ကျောင်းသင်အတတ်ပညာကို လောကကြီးနှင့် သက်ဆိုင်သည့် ပညာ၊ စီးပွားရေး (Knowledge of Universe) များနှင့် ဆက်စပ်နိုင်စေအောင် လေ့ကျင့် သင်ကြားပေးရန် လိုအပ်လာပါကြောင်း၊ တိုင်းရင်းသားပြည်သူများအနေဖြင့် မိခိုတို့ နိုင်ငံရှိ ရေခြေဝယ်ဇာတအရင်းအမြစ်များ၏ အကျိုးကို ခံစားခွင့်ရှိရစေရန်၊ ဖွံ့ဖြိုးပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်စေရန်၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုရန် အသင့် ပြင်ဆင်ထားရှိသင့်ပါကြောင်းနှင့် နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကမီဒီယာများကလည်း အသိပညာပေးမှုများ ပြုလုပ်ပေးထားသင့်ပါကြောင်း။

ဌေးကြေးနှင့်ရင်းနှီးမြှုပ်နှံမှု ဧရိယာကို ဖွံ့ဖြိုးစေအောက် လက်ရှိဘဏ်စနစ်ကို ပြန်လည်သုံးသပ်ပြီး ဌေးကြေးနှင့်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုကဏ္ဍတွင် ကောင်းမွန်ဖွံ့ဖြိုး

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ဆောင် ဆွေးနွေးစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွိုင် မေးမြန်းစဉ်။

(သတင်းစဉ်)

သောစနစ်ကို ကြိုတင်စီမံထားရှိရန် သင့်ပါကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ဖွံ့ဖြိုးစေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်ကြီးပွားရေး ဒုတိယဝန်ကြီး ဦးဝင်းရဲမိုးက မြန်မာနိုင်ငံတွင် အရင်းအနှီးစျေးကွက်ဖွံ့ဖြိုးရေးကို ၁၉၉၀ ခုနှစ်မှစ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ့စီးပွားရေးဘင်္ကနှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်တို့သည် ၁၉၉၆ ခုနှစ် ဇွန်လ ၇ ရက်တွင် မြန်မာငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ကို (၅၀)ရာခိုင်နှုန်းစီ ပိုင်ဆိုင်သော ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော အရင်းအနှီးစျေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၁-၃-၂၀၀၈ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အထောက်အကူပြုရန်အတွက် ဆပ်ကော်မတီ (၆)ခု ဖွဲ့စည်းခဲ့ပါကြောင်း၊ ဆက်လက်၍ အဆင့်(၃) ဆင့်ပါသော အရင်းအနှီးစျေးကွက်ထောင်ရေး လမ်းပြ မြေပုံကို နိုင်ငံတကာအခြေအနေများ၊ အာဆီယံနိုင်ငံများ၏ အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရေးဆွဲခဲ့ပါကြောင်း။

ပြည်တွင်းငွေချေးစာချုပ် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီအနေဖြင့် လက်ရှိ ထုတ်ဝေလျက်ရှိသည့် (၃)နှစ်နှင့် (၅)နှစ် အစိုးရငွေတိုက်စာချုပ်အမျိုးအစားများအပြင် ၁-၁-၂၀၁၀ ရက်မှစတင်၍ (၂)နှစ်သက်တမ်းရှိသော အမျိုးအစားကို တိုးချဲ့၍ လည်းကောင်း၊ လက်ရှိထုတ်ဝေလျက်ရှိသော ငွေကျပ်(၁)သောင်း၊ ငွေကျပ် (၁)သိန်း၊ ငွေကျပ်(၁၀)သန်းတန်များအပြင် ငွေကျပ်(၁၀)သန်းတန်ကို အမျိုးအစားတိုးချဲ့၍ ထုတ်ဝေခဲ့ပါကြောင်း။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီအနေဖြင့် အများပိုင်ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးအတွက် အဓိကအရေးကြီးသည့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီးဖြစ်ပါကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ဘားအံမြို့ ပေါ်နေပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ အချိန်မီရွှေ့ ပြောင်းနေရာချထားပေးမှု

ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ၈ လိုင် ၃၁

ကရင်ပြည်နယ် ဘားအံမြို့အနီးရှိ သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပေါ်ဒေသမြို့နိုင်းရှိ ပိုင်းခြားနှင့်အဖွဲ့ဝင်များသည် ညနေ ၆ နာရီတွင် ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်ဧစေတီရင်ပြင်ပေါ်သို့ အချိန်မီရွှေ့ပြောင်းနေရာချထားပေးမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစော်မင်း၊ အရွှေတောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လူမှုဒုက္ခအသင်းအဖွဲ့များသည် ဇူလိုင် ၃၀ ရက် ညနေ ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။ ရွှေဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညနေ ၆ နာရီတွင် ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်စေတီ ရင်ပြင်တော်၌ ၎င်းတို့၏နေအိမ်များအနီး မြစ်ရေမြင့်တက်လာမှုကြောင့် ယာယီဧည့်သည်များ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်ဝင်းမြင့်၊

စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ (Workshop on Capacity Building of Regional Plan) ကျင်းပပြီး ဒေသန္တရ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုကြပါစို့

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့တဲ့ ဒေသန္တရစီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွေကို ဘွားရောက်လေ့လာခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ကြတဲ့သူတွေကို ကြည့်လိုက်တော့ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများမှ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်စီမံကိန်းဦးစီးဌာနများ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိအရာထမ်းများ စုစုပေါင်း ၁၃၀ ဖြစ်တာ တွေ့ရပါတယ်။

ဒေသန္တရ စီမံကိန်းများနှင့် ကဏ္ဍစီမံကိန်းများ ဆက်စပ်ရေးဆွဲနိုင်ဖို့အတွက် တက်ရောက်ဆွေးနွေးကြတာကို သဘောပေါက်လိုက်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ ဒေသဆိုင်ရာစီမံကိန်းများ ရေးဆွဲရာမှာ စွမ်းဆောင်ရည်ပြဉာဝေဖြိုးတွက် Resource Person ဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ် ADB မှ စီးပွားရေး အတိုင်ပင်ခံပုဂ္ဂိုလ် Dr.Bruce Knapman က ဆွေးနွေးပို့ချခဲ့ပါတယ်။

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု People Centered Developmentကို ရရှိစေမည့် ဒေသန္တစီမံကိန်းများရေးဆွဲနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာအထောက်အကူပေးတဲ့ အစီအစဉ် တစ်ရပ်ဖြစ်ကြောင်း တွေ့ရပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသစီမံကိန်း နမူနာပုံစံကို အပိုင်း (၄)ပိုင်း ခွဲခြားပြီး ပို့ချခဲ့တာ တွေ့ရပါတယ်။ ဒေသစီမံကိန်းနမူနာပုံစံ အပိုင်း(၁)ဖြစ်တဲ့ ဒေသများ၏ လက်ရှိအခြေအနေနှင့် ဖွံ့ဖြိုးမှုရည်မှန်းချက်များအပိုင်းတွင် ဒေသဆိုင်ရာ အခြေခံအချက်အလက်များဖြစ်သော လူဦးရေ၊ ပထဝီအနေအထား၊ အခြေခံအဆောက်အအုံများ အခြေအနေ၊ အစိုးရဝန်ထမ်းရည်မှန်းနှုန်းဒေသများ၏ လက်ရှိစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မှု၊ ဒေသဆွဲဆောင်နိုင်မှုအခြေအနေများကို စီးပွားရေး လူမှုရေးညွှန်းကိန်းများဖြင့် ဖော်ပြရမှာဖြစ်ပါတယ်။

ဒေသစီမံကိန်းနမူနာပုံစံ အပိုင်း (၂)ဖြစ်တဲ့ ဒေသများ၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် စီးပွားရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်များအပိုင်းတွင် ဒေသများ၏ ခရိုင်နှစ် ၂၀၊ ၃၀ဝွင့် ရောက်ရှိရန် ဦးတည်ချက်၊ ယင်းဦးတည်ချက်များကို ရရှိစေမည့်ကဏ္ဍအလိုက် ဖွင့်မှန်းချက်များနှင့် ကဏ္ဍအလိုက် ချဉ်းကပ်ထားသည့် ရည်မှန်းချက်များ ပါဝင်ရမှာဖြစ်ပါတယ်။

ဒေသစီမံကိန်း နမူနာပုံစံ အပိုင်း (၃)ဖြစ်တဲ့ ဒေသများ၏ ကဏ္ဍအလိုက်စီမံကိန်းများတွင် ကဏ္ဍများနှင့်ဆက်စပ်သော အကြောင်းအရာများနှင့် ဆောင်ရွက်ချက်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အခြေခံ

အဆောက်အအုံများ တိုးတက်မှုစီမံကိန်း၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းနှင့်အဖွဲ့အစည်းများ ဖွဲ့ဖြိုးတိုးတက်မှု စီမံကိန်းများ ဖော်ပြရမှာဖြစ်ပါတယ်။

ဒေသစီမံကိန်းနမူနာပုံစံ အပိုင်း(၄)ဖြစ်တဲ့ စီမံကိန်းများအား အကောင်အထည်ဖော်ခြင်းနှင့် တိုးတက်မှုကိုတိုင်းတာခြင်းတွင် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ စီမံကိန်းများကို ကြိုးကြပ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းများဖော်ပြရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့်နေပြည်တော်ကောင်စီနယ်မြေခုနှစ်ဟူ၍ ဒေသအဖွဲ့(၁၅)ဖွဲ့ ခွဲခြားပြီး အဖွဲ့များမှ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြတာကို လည်း တွေ့ရှိရပါတယ်။ အဖွဲ့များအလိုက်

* **မိမိတို့ဒေသန္တရအခြေအနေနှင့် လိုက်လျောညီထွေရှိမည့်ဒေသများ၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် စီးပွားရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်များချမှတ်ခြင်း၊ ဒေသများတွင် ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းနှင့်အားနည်းအယုတ်များ ယင်းအကန့်အသတ်များကို ကျော်လွှားနိုင်မည့်နဝေါဒများနှင့် လုပ်ငန်းစီမံကိန်းများများရေးဆွဲခြင်းနှင့်**
* **ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းများအား ဦးစားပေးအဆင့်၊ ရေးဆွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲခြင်းတို့ကို ဆွေးနွေးတင်ပြခဲ့ကြတယ်။**

အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသန္တစီမံကိန်း(မူကြမ်း)ကို လေ့ကျင့်သင်ကြားကြပြီး မိမိဒေသသို့ရောက်သည့်အခါ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီတွင် ချဉ်းဆွေးနွေးခြင်းဖြင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု People Centered Development ကို ရရှိစေမည့် ဒေသန္တစီမံကိန်းများကို ရေးဆွဲနိုင်မှာဖြစ်ပြီး သင်တန်းမှရရှိတဲ့အတွေ့အကြုံ၊ ဗဟုသုတများအပေါ် အခြေခံပြီး သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတကာအတွေ့အကြုံများနှင့်လည်း ကိုက်ညီတဲ့ဒေသများရဲ့ ဒေသန္တစီမံကိန်းများကို ရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အလုပ်ရုံဆွေးနွေးပွဲပြီးတဲ့ ၂၇-၇-၂၀၁၂ ရက်နေ့ ညနေ ၆နာရီမှာတော့ ဒီလိုမျိုး အလုပ်ရုံဆွေးနွေးပွဲတွေကို တဟိုအဆင့်သာမက ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွေမှာပါ ပြုလုပ်နိုင်ခဲ့ရင် ပို၍ ပို၍ ကောင်းမွန်မယ်၊ ကဏ္ဍ-ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းတွေကို ရေးဆွဲအကောင်အထည်ဖော်တဲ့အခါ အထောက် အကူဖြစ်လာနိုင်မယ်လို့ ထွေးတောရင်း အိမ်ပြန်ခဲ့ပါတော့တယ်။ ။

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံ ပြည်သူများအတွက် တောင်ဦးမြို့နယ် စာရေးဆရာ အသင်းဝင်များနှင့် သတင်းစာဆရာများ စုဝေးပင်လျှဉ်းနဲ့ ထွေလုပ်တစ်သိန်းကို ဇူလိုင် ၂၄ ရက်က မွေတ္တာနှင့် စေတနာသွေးလှူရှင် အသင်းရုံးခန်းမ၌ အသင်းနာယက ဦးကျော်လှ (သတင်းစာဆရာ)က အသင်းဥက္ကဋ္ဌ ဦးအေးရွှေ(အေးရွှေ-ကေတုမတ်)နှင့် အတွင်းရေးမှူး ဦးမြသိန်း(တောင်ငူ-ဆောင်ထူး)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

သစ်တောနှင့်သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရေမှုပ်နိုးကားကို နောက်ဟုဆိုင်ကယ်ဝင်တိုက် ဆိုင်ကယ်စီးနင်းသူ၅ဦးစလုံး ပွဲချင်းပြီးသေဆုံး

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော် ပျဉ်းမနားမြို့အရှေ့ဘက် ကျီအင်းရွာအနီးတွင် ဇူလိုင် ၂၈ရက် က ရွေ့မောင်းနှင်စေသော ဘီးနှိုးကားကို နောက်ပွစီးနင်း လာသော ဆိုင်ကယ်က ဝင်ရောက် တိုက်မိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က နေပြည်တော် ပျဉ်းမနားမြို့အရှေ့ဘက် ကျီအင်းရွာအနီး မြို့ရှောင်လမ်း ဝိုင်တိုင်အမှတ် ၁၃/၅ တွင် ဘောလီဝိုကားဝင်းမှ သာဝတ္ထိမြို့ဘက်သို့ အသက် ၂၀ ခန့် လူငယ် (စုံစမ်းဆဲ) မောင်းနှင်ပြီး အသက် ၄၀ ခန့် အမျိုးသားတစ်ဦး (စုံစမ်းဆဲ)နောက်မှလိုက်ပါ ဦးနင်းလာသော ၁၈၀/------ ရှင်စီးအမျိုးအစား အစီးနံပါတ်ဆိုင်ကယ်က ရှေ့မှ ယာဉ်မောင်း ဦးသက်ဇော် အသက်၃၄နှစ်(ဘ)ဦးစနင်းလွှင် အမှတ် (၃) ရဝ်ကွက် တောင်သာမြို့နေသူ မောင်းနှင်စေသော စက/------ ဟီးန်း ၁၂ ဘီးဟာဥ်၏ နောက်တည့်တည့်မှ ဝင်တိုက်မိခဲ့သည်။

ယင်းဖြစ်ရပ်ကြောင့် ဆိုင်ကယ် မောင်းနှင်သူတွင် ယာခိုဧရာင်းဖူးရောဝါ သွေးထွက်လွန်၊ နှာခေါင်းသွေးထွက်၊ ရင်ခေါင်းနှိက်ဖူးဇက်ရာနောက်မှလိုက်ပါ စီးနင်းသူတွင် ဦးခေါင်း၊ နောက်စေ့ဖူးရောဂဇက်ရာ၊ နှာခေါင်းသွေးထွက် ဇက်ရာများ အသီးသီးရရှိလျက် အဝင်ဖြစ်ရောတွင် နှစ်ဦးစလုံး ပွဲချင်းပြီး သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၅၄)

ဝေဖန်သုံးသပ်ခြင်း

ဌဓင်းစားရန် ချောင်းဖြတ်ပြန့်သူ ပျိုးနုတ်လုပ်သား ချောင်းရေစီးတွင် ရေနှစ်သေဆုံးမှုဖြစ်ပွား

ရေကြည် ဇူလိုင် ၃၁

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးရွာတစ်ရွာတွင် ဇူလိုင် ၁၄ ရက်က လယ်လုပ်သမားတစ်ဦး ဖျိုးနုတ်ပြီးနောက် ချောင်းတစ်ဖက်ကမ်း ရှိနေအိမ်တွင် ထမင်းပြန်စားရန် ချောင်း ဖြတ်ကူးစဉ် ရေနစ်သေဆုံးဖြစ်ပွားခဲ့ သည်။

ဖြစ်စဉ်မှာကြေညာမြို့နယ် ကုန်းပြင် တောင်ဦးငယ်ကျေးရွာနေ လယ်လုပ်သား ဦးကျော်သန်း ၅၆ နှစ်(ဘ-ဦးသောင်း ကြည်)သည် ဇူလိုင် ၁၄ ရက် နံနက် ပိုင်းက သီတာချောင်းတစ်ဖက်ကမ်းရှိ ဖျိုးနုတ်ဆင်းခဲ့ရာမှ နံနက် ၁၁ နာရီခွဲ တွင်ရေလယ်စာစားရန်အတွက် သင်္ဘော ကွင်းကျေးရွာဘက်သို့ အပြန်တွင် သီတာချောင်းကို ဖြတ်ကူးစဉ် ရေနစ် သေဆုံးခဲ့သည်။ သေဆုံးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရှိရသည်။ (၀၀၇)

ရွာသူကြီးဦးသန်းဝင်းအား ဓားဖြင့်ထိုးသတ်ပြီး ငွေ၊ ဆေးဝါးများ ဓားပြတိုက်

ပုသိမ် ဇူလိုင် ၃၁

ပုသိမ်ခရိုင် ဟင်္သာတမြို့နယ် ဟင်္သာတ-ပုသိမ်လမ်းမကြီး ကီလိုမီတာ ၁၀၂ ခွဲ ရှိ ကျောက်ပင်ကုန်းရွာသို့ ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီခန့်တွင် ရွာသူကြီး ဦးသန်းဝင်းအား ဓားဖြင့်ထိုးသတ်ပြီး ငွေ၊ ဆေးဝါးများ ဓားပြတိုက်သွားသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ ဟင်္သာတ-ပုသိမ်လမ်းမကြီး ကီလိုမီတာ ၁၀၂ ခွဲ ရှိ ကျောက်ပင်ကုန်းရွာသို့ ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီခွဲ

သင်္ဘောဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

သုံးဆယ် ဇူလိုင် ၃၁

သာယာဝတီခရိုင် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် သင်္ဘောဖလားအမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီက သုံးဆယ်မြို့ အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးမြင့်လွင်ဦး၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်တို့ တက်ရောက်ကြသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် သုံးဆယ်မြို့နယ် လူငယ်ဘောလုံးအသင်းနှင့် မင်းလှမြို့နယ် လူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သုံးဆယ်မြို့နယ် လူငယ်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရဖြင့် အနိုင်ရပြီး ဆုဖလားနှင့် ငွေသားများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆီးမြင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(ယာဝဲ)(ခရိုင် အား/က)**

နိုင်ငံသားစိစစ်ရေးကတ်များ မနှစ်ဖြို့ ပေးအပ်

မန်စီ ဇူလိုင် ၃၁

ဝန်းမော်ခရိုင် မနှစ်ဖြို့နယ် လှဝင်းမူကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများသည် အထက (မနှစ်)နှင့် အမက(မူလွန်) ကောင်စာရေးကြီးတို့မှ ကျောင်းသား ကျောင်းသူ ၁၅၀ တို့အား မိုးပွင့်အဆင့် (၃)စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက အထက(မန်စီ) ဖုန်းကန့်ဥပဓိ ခန်းမ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်မြင့်က ကျောင်းအုပ်ကြီးများထံ ကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ဝဝက)**

ရေဦးမြို့နယ်၌ ပိုးစာသီးစပ်ပင်စိုက်ပျိုး

ရေဦး ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက် နံနက် ၇ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှုးဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွှန့်၊ သစ်တောဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုကိုနွဲ့ ဝန်ထမ်းများ၊ အုပ်ပိုင်းဒေသ စီးပေါ်ရပ်ရွာလူကြီးများနှင့် သက်ဆိုင်သည့် ဒုတိယအကြိမ် အခွန်ပညာပေး ရွှင်လန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါရုံးလင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းနွယ်က လုပ်ငန်းရှင် ၅၁ ဦးအား ကုန်သွယ်လုပ်ငန်း ခွန်ဥပဒေ စည်းကြပ်ကောက်ခံခြင်းနှင့် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခွန်ကောက်ခံရမည့်စနစ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီးနောက် ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက စီမံချက်နှင့် ပတ်သက်၍ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူ လုပ်ငန်းရှင်များက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**

ထူးချွန်ကျောင်းသားများအား မော်လမြိုင်ကျွန်းမြို့နယ်၌ ဗုဒ္ဓဂုဏ်ပြု



မော်လမြိုင်ကျွန်း ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ထူးချွန်ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ မော်လွှေဂါ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝါးဘာသာဂုဏ်ထူးရရှိသော မပွင့်သီရိကျော်အား တိုင်းဒေသကြီး လူမှုဆေးဝန်ကြီး ဦးစန်းမောင် **(အဝေါ့)**က ဆုချီးမြှင့်သည်။ ထို့နောက် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆ ဦး နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၀ ဦး၊ ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပွတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ မဘိမ်းမြို့နယ်၌ ပေးအပ်

မဘိမ်း ဇူလိုင် ၃၁

ရှမ်းပြည်နယ် ကျောက်မဲခရိုင် မဘိမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၃)စီမံချက်အရ မလွှင်ကုန်းကျေးရွာ၌ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကိုကို က နိုင်ငံသားစိစစ်ရေးကတ်ပြား များကို ပြုလုပ်ပေးခဲ့ပြီးနောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၀ ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြိမ်းဖေထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်လဝက)

မြောင်းတကာ သံမဏိသံရည်ကျို၀ိုက်မှုဇုန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာသံဓာတ်သံရည်ကျို၀ိုက်မှုဇုန်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများဖြစ်ကြသော သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်တို့ တက်ရောက်ပြီး သစ်ပင်ပျိုးပင်များကို ပါဝင်စိုက်ပျိုးပေးကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့် မြောင်းတကာ သံမဏိသံရည်ကျို၀ိုက်မှုဇုန်ဥက္ကဋ္ဌ ဦးလွှမ်းတို့က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မှော်ဘီမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ ဦးကြည်မြင့်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး စက်မူလုပ်ငန်းတွင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရန်အတွက် ပျိုးပင်များကို တက်ရောက်လာသူများအား ဝေငှပေးပြီးနောက် သတ်မှတ်နေရာများ၌ မတော်ဂန်၊ ကျွန်း၊ ယူကလစ်၊ အင်ကြင်း၊ ကုံကော်၊ ခရေနှင့် စိန်ပန်းပင် စုစုပေါင်း အပင် ၂၀၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပဲ)**

(မြန်မာ့အလင်း)

အခွန်စည်းကြပ်ကောက်ခံနိုင်ရေး လုပ်ငန်းစီမံချက်ရှင်းလင်းဆွေးနွေး

ပဲခူး ဇူလိုင် ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ စည်းမျဉ်းပြဋ္ဌာန်းချက်များနှင့်အညီ အခွန်စည်းကြပ် ကောက်ခံနိုင်ရေး လုပ်ငန်းစီမံချက်နှင့် သက်ဆိုင်သည့် ဒုတိယအကြိမ် အခွန်ပညာပေး ရွှင်လန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါရုံးလင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းနွယ်က လုပ်ငန်းရှင် ၅၁ ဦးအား ကုန်သွယ်လုပ်ငန်း ခွန်ဥပဒေ စည်းကြပ်ကောက်ခံခြင်းနှင့် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခွန်ကောက်ခံရမည့်စနစ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီးနောက် ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက စီမံချက်နှင့် ပတ်သက်၍ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူ လုပ်ငန်းရှင်များက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်ဦးစီး)

နေလသမန်စပ်တလည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် နေလသမဝါယမလီမိတက်၏ နှစ်ပတ်လည်အခမ်းအနားနှင့် ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက်က ရပ်ကွက် သီလရက္ခိတမဓ္ဓာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းနိုင်၊ ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်နှင့်တာဝန်ရှိသူများက အမှတ်(၃၈) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ကွန်ပျူတာ တစ်စုံ၊ အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်းလမ်းဧရိယ အလျားလွှာကျပ် နှစ်သိန်းနှင့် ရပ်ခြံပြည်နယ် ဒေသခံပြည်သူများအတွက် အလျားငွေကျပ် သုံးသိန်းလျှဒုတိန်းခဲ့ပြီး ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပဲ)(၀၀၁)**



အစွမ်းထက်သည့် ကျောက်သင်္ဖြက်ကုထုံး

တိုင်းရင်းဆေးသမားတော်ကြီး-ဦးသောင်းရွှေ

ရွှေဟောင်း အာယုဒွေဒေဆေးကျမ်းများ၊ ခေါမ၊ အိန္ဒိယ၊ အီကျစ်၊ ဆေးကျမ်းများ သူ့နိုင်ငံနှင့်သူ့ရှိသကဲ့သို့ ကျွန်ုပ်တို့မြည်ဆောင်ရွက်ခဲ့နိုင်ခဲ့လည်း မြန်မာ့ဓနိုရာ တိုင်းရင်းဆေးပညာရှိပြီး ဖြစ်ပါသည်။ အာသောကမဟာဘုံး ကိုးတိုင်း၊ ကိုးဌာန သာသနာ့ပြုမဟေဠတိမိတတည်းက ပျူဓေဝဆေးပညာ၊ ဗိဿနိုးပြီမှ မြန်မာ့ရှိရာ ဆေးပညာများ ပေါ်ပေါက်ပြီးဖြစ်ပါသည်။ မြန်မာ့ရှိရာ တိုင်းရင်းဆေးပညာ၊ မြန်မာ့ဆေးကျမ်းကြီးပေါင်း ၃၆၀ ကျမ်းရှိရကြောင်း ပို့ဂုကတ်တော် ဝန်မင်းဦးရန်က ပို့ဂုကတ်တော်သင်္ခိုင်းနှင့် ပညာရပ်ဆိုင်ရာကျမ်းများဦးရေစာရင်းသို့ ဖော်ပြထား သည်ကို မှတ်သားရပါသည်။ ဆေးကျမ်းများအလို့အရ တိုင်းရင်းဆေးများဖော်ပြ ရာတွင် ဒေသထွက်သစ်ဝါ၊ သစ်ဖု၊ ဆေးဖက်ဝင်သစ်ပင်၊ သစ်နွယ်၊ အဖုဖု အပွင့်များ ကို အဓိကထားဖော်ပြလိုရှိကြသည်။ နွယ်မြက်သစ်ပင်တို့သည်ကား ဆေးဖက်ဝင် လှသည်။

အလားတူ မြန်မာနိုင်ငံတစ်ဝန်း နေရာဒေသအနှံအပြားတွင် အလေ့ကျ ပေါက်ရောက်သည့် သင်္ဖြက်ပင်များသည် အိုသြဖုယ်ကောင်းလောက်အောင် အများထံ ထက်လှပါသည်။ သင်္ဖြက် (Cayratia) သည် တောထဲတွင် အများဆုံးပေါက်သင်္ဖြင့် အချို့က တောသင်္ဖြက်ဟု မှတ်တမ်းတင်ကြသည်။ ထိုအပင်များသည် ဟင်္သတ မြို့ရပ်ကွက်ပေါင်း (၂၂)ရပ်ကွက်ရှိ သစ်ပင်ဦးများနှင့် သစ်ပင်ငယ်တို့ကို မီတူယ် တက်ရောက်တတ်သော နွယ်ပင်တစ်မျိုးဖြစ်သည်။ (၁) သင်္ဖြက်ညွှန့် (၂) စူလာနမာ၊ (၃) ကျောက်ဂွဲနွက်(သံမန်ရောက်မန်ဝ်)တို့ကို သုံးခွက်တစ်ခွက်တင် ကျိုသောက် လျှင် အသည်းကျောက်တည်မှန့်နှင့် ဆီးအိမ်အတွင်းကျောက်တည်ခြင်းတို့ကို မခဲ့မစိတ် ရတဲ့ အလိုလို့ကျောက်ကွယ်ဖြင့် ကျောက်သင်္ဖြက်ပုဂံခေါ်ကြပါသည်။ အရွက်မှာ အစိမ်းရင့်ရောင်ရှိပြီး လက်ညှိုးလက်ခလယ်၊ လက်သူကြွယ်သုံးချောင်း ထောင်ထား သလို အလယ်ကောင်က အရည်းလေးပိုသည်။ အသီးများမှာ နှလျှင် အစိမ်းရောင်၊ ရင့်လျှင် အဝါရောင်၊ မည်သျှင်အနှီရောင်ရှိပါသည်။ အသားမှာဝါဝါဖြစ်သည်။ အစေ့မှာ ကြက်ဟင်းခါစေ့ကဲ့သို့ ခွေးသွားစိမ်းများရှိသည်။

အဝလွန်သူများသည် မိဒိတို့၏ ခန္ဓာကိုယ်ဝန်ထုပ်ဝန်ပိုးကြီးကို မနှိုင်တနိုင် သယ်ဆောင်ပေးနေရသော ဦးဆစ်၊ ခေါ်ဆစ်၊ သုံးပွင့်ဆိုင်တင်ပါးဆုံအဆစ်၊ ဖြဲမျက်စိအဆစ်နှင့် ဖြဲချောင်းကလေးများသည် မနှိုင်ဝန်ကို သယ်ဆောင်ထမ်ရွက် ထားကြသူများနှင့်တူပါသည်။ လူဝကြီးများ၏ ထိုအဆစ်များမှာ နှည်းနည်းလောက် လှုပ်ရှားလိုက်လျှင်ပင် များများနာကျင်ပင်ပန်းတတ်ပါသည်။

ဝသောသူများ၏ ဝမ်းဗိုက်ကြွက်သားများမှာ အဆီများဝင်ရောက်လာမှု ကြောင့် အားနည်းသွားပြီး ဝမ်းဗိုက်အတွင်းမှ ကလီစာအင်္ဂါများကို ထိန်းသိမ်းထား နိုင်ခြင်းမရှိတော့ဘဲ ဝမ်းဗိုက်ကြီးများစွဲရွဲလာကြသည်။ သွေးပြန်ကြောများမှ အဆို့ရှင်ကြွက်သားများမှာလည်း အဆီများဝင်ရောက်လာသဖြင့် ဝသောသူများ တွင် သွေးကြောထုံးရောဂါများ မကြာခဏတွေ့ ရတတ်သည်။ ရင်ခေါင်းဝန်းကျင် နှင့် ဝမ်းခေါင်းရိုးအောက်တို့တွင် အဆီများဝင်ရောက်နေရာယုတတ်သဖြင့် ဝသောသူများမှာ အသက်ရှူယွင်းကျဆုတ်ယန္တရားအား အနေ့ာ့အယှက်ဖြစ်စေပြီး အဆုတ်ပြန်ရောင်ရမ်းခြင်း၊ သွေးကြောအဆီပိတ်ခြင်းနှင့် အဆစ်ရောင်ရောဂါများ အဖြစ်များတတ်ပါသည်။

အဝလွန်ပြဿနာသည် ကျွန်တော်တို့ရိပ်ငံတွင်သာမက၊ နိုင်ငံတကာမှာပါ ပြီမြားလာပါသည်။ ဆီးချိုသွေးချိုဝေနာရှင်များ၏ ၈၀ ရာခိုင်နှုန်းသည် ဝသော သူများဖြစ်ကြသည်။ လူဝများသည် သွေးတိုးရောဂါကို ပိန်သူများထက် နှစ်ဆ သို့မဟုတ် ခြောက်ဆလောက်ပိုဖြစ်ကြသည်။ ကလေးဘဝမှစ၍ အသက် ၆၅ နှစ်ထိ ဝသူများသည် နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါကို သာမန် ကိုယ်အလေးချိန်ခွဲသူများထက် သုံးဆခွန် ပါးဆအထိ ပို့ဖြစ်ကြောင်း ဆေး သုတေသန မှတ်တမ်းများတွင် တွေ့ရပါသည်။

ဟင်္သတခရိုင် တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူးကြီးနှင့် မြို့နယ် တိုင်းရင်းဆေးမှူးတို့ဦးဆောင်၍ ခရိုင်တိုင်းရင်းဆေးဆရာအသင်းတို့သည် ဟင်္သတမြို့နယ် နတ်မော်ကျေးရွာ (ရှယက)ရှိရှဉ့် သွားရောက်ကွင်းဆင်းကုသခဲ့စဉ်က ဆရာ ဆရာမများသည် လေဖြတ်ရောဂါရှင်များကို အစိုးရတိုင်းရင်းဆေးခန်း သုံး အမှတ်(၂၇)ဖြင့် ကုသကြသည်။

ဝဝဖိုင်ဖိုင်လေဖြတ်သူများ အဆီကျွံအသားကျစ်ပြီး ခန္ဓာကိုယ်ပေါ်ပါးကာ မြန်မြန်ကိုယ်ခန္ဓာကိုသယ်နိုင်လျှင် အမြဲခံလမ်းလျှောက်နိုင်မည်ဟု ထွေးတောကြီးဆ ၌ ကျောက်သင်္ဖြက်ညွှန့်ကို ဟင်းချိုချဉ်ရည်ဟင်း ချက်စေခိုင်းပါသည်။ ကျောက် သင်္ဖြက်သီးနှုန့်ကို ငါး အသားတို့နှင့် ကြော်စေးခိုင်းပါသည်။ ဆီးချိုခရိုသူများအား ထန်းလျက် (သို့မဟုတ်) သကြား၊ ဆီနှိုင်နှိုင်းဖြင့် ကျောက်သင်္ဖြက်သီးအုပ်ညှိအသား ကို ယိုထိုးစားစေပါသည်။ နံပါတ်(၂၇)တွင်ပါဝင်သော ခေါင်းချောင်ကြီးဆေ ဆေး မယ်(၂၉)မယ်တို့သည် သာကေသည်းခြေကိုကြည်လင်စေသည်။ လေဖြတ်ပြီး သာကေသည်းခြေနောက်ကျိနေ၍ နေ့မနှံးညနှံးမသိသူ၊ ကိုယ့်နာမည်ကိုယ်မသိ သူများပြန်ကောင်းလာသလို၊ ကျောက်သင်္ဖြက်ညွှန့်၊ ကျောက်သင်္ဖြက်သီးတို့ကို အချိုးမျှကြော်စာ၊ ချက်စားသုပ်သဖြင့် ဝဝဖိုင်ဖိုင် အိုပဲအိုပဲ သွားလာရသူများ အဆီကျအသားကျစ်ပြီး ကိုယ်အလေးချိန် လျော့ကျလာပါသည်။

အသည်းအဆီးသောရောဂါ၊ သားအိမ်ကင်ဆာရောဂါ ဖြစ်ပွားသူ အချိုသမီး ၄၀ ရာခိုင်နှုန်း၊ ကျောက်တံရောဂါသည်လူနာများ၏ ၂၅ရာခိုင်နှုန်း၊ အူမကြီးကင်ဆာနှင့် ရင်သားကင်ဆာဖြစ်ပွားသူများ၏ ၁၀ ရာခိုင်နှုန်းမှာ ဝဖြိုး ခြင်းကိုအဓိကခံစားကြောင်း သိရှိရပါသည်။

ကမ္ဘာ့မှာ အန္တရာယ်ကြီးဆိုးဖွယ်ရာ ကင်ဆာရောဂါကြီးကိုပင် ဗျောက် ကင်းစေနိုင်ပြီး အသက်ရှည်မွာအနာမဲ့စေကာ လူသားအပေါင်းတို့၏ ချမ်းသာခွင့် ကို ပေးနိုင်စွမ်းသော မြန်မာ့ရိုးရာတိုင်းရင်းဆေး ကျောက်သင်္ဖြက်သီး၏အစွမ်း သတ္တိကို အသိပေးရေးသားလိုက်ရပါသည်။ ။

ရွှေပြည်သာ တက်လမ်းသမ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် တက်လမ်း အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ တက္ကာရေးနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၂ ရက်က ရွှေပြည်အေးဘုန်းတော်ကြီးကျောင်း ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တက်လမ်းအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးသန်းစိန်က အမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်မှုပါရဂိုက်တာ ဒေါ်အေးခိုဇော အသင်း၏ ၂၀၁၁-၂၀၁၂ အစီရင်ခံစာကို ဖတ်ကြားသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် အသင်းသားများ၏ သားသမီးများအား ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ၁၁/ဓ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊
ဘုရင့်နောင်တံတားဧရိယာ)-ဒေါ်နုနုရီ(ဆောက်လုပ်ရေးထမင်းဆိုင်) တို့၏သား

မောင်သန့်ဇင်ဦး 2 nd Year (Myan;)
JIN YANG BGN TECH, KOREA

နှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မိုးမိတ်မြို့နေ ဦးထွန်းဘ-ဒေါ်နန်းမွဲတို့၏သမီးထွေး

မစုနန္ဒာအောင် B.Sc(Chem;)

[အလယ်တန်းပြ အမက(၁)၊ မြစ်ကြီးနာမြို့]

တို့၏ ၂၈-၇-၂၀၁၂ရက်တွင် မြစ်ကြီးနားမြို့၊ ရွေပြည်စံမင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာယန်းကုံးချီးမြှင့်ပေးပါသော ဒုတိယရဲဖျူးကြီးသိန်းဌေး(ငြိမ်း)နှင့် ဇနီး ဒေါ်သစ်သစ်အောင်၊ မင်္ဂလာလက်ဆွဲဆင်မြန်းပေးပါသော ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးညွှန့်အောင်နှင့်ဇနီး ဒေါ်ခင်မစိမ့်၊ ကြွရောက်ချီးမြှင့်ပေးပါသော ကချင် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအရာရှိကြီးများနှင့် ဇနီးများ၊ အာဘာသာရေး ဦးဇင်းဘုရားများ၊ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်ဦး-မစုနန္ဒာအောင်

နှစ်(၅၀)ရွေ့ရတုမှသည်

စော လျင်စွာ နို့ဆွဲနှံကို မျက်မှောက်ပြုနိုင်ပြီး
ထွဋ် မြတ်သည့် ဘာသာ သာသနာ အကျိုးသယ်ပိုး၍
မောင် တစ်ထမီး မယ်တစ်ရွှေကြိုင့်
အာရောဂျ ပရမံ လာဘံ ဆိုတဲ့ လာဘ်ကြီးတစ်ပါးနှင့် နောင်လာမည့် ရတုပေါင်းများစွာကို စိတ်တူကိုယ်တူ လျှောက်လှမ်းနိုင်စေကြောင်း

တစ်ဦးတည်းသော ချစ်ဇနီး - ဒေါ်ခင်မေထူး
သားသား - ဝေယံဦး

(၃၂)နှစ်မြောက် မင်္ဂလာမှသည်....

ရိုသေလေးစားရပါသော အဘနှင့်မေတို့ရဲ့ ၂၆-၇-၂၀၁၂ရက်တွင် ပြည့်မြောက်သော (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သားသမီး မြေးမြစ်များနှင့်အတူ ချစ်သက် (၁၂၀) တိုင်ပါစေကြောင်း ဆုမွန်ကောင်း ကောင်းအပ်ပါသည်။

ခော်ဇော်ဦး-နိုန့်

၁/၆၂ ရေတပ်ဗိုလ်လောင်းသင်တန်းဌေရတုအလှူ

လွန်ခဲ့သည့်နှစ်ပေါင်း(၅၀)၊ ၁၄-၇-၆၂ မှာ တပ်မတော်သို့ ဝင်ရောက်ပြီး နိုင်ငံတာဝန်များ ထမ်းရွက်ဖို့ ဆုံစည်းခဲ့ကြသည်။ တပ်မတော်(ရေတပ်) ဗိုလ်လောင်းသင်တန်း **အမှတ်စဉ် (၁/၆၂)**ကို အတူတကွခဲ့ကြပြီး တည်တံ့ခိုင်မြဲတဲ့ ရဲဘော်စိတ်ဖြင့် ချစ်ခင်ရင်းနှီးခဲ့ကြသည်။ ယခုနှစ်(၅၀)ပြည့် ရွှေရတုကာလမှာ မိသားစုများ ပြန်လည်ဆုံစည်းကြပြီး ဘုရား အမျှပြုပြသော သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းပြီး **ရွှေရတုစုပေါင်းဒါန** ပြုခဲ့ကြသည်။ ဘဝတစ်ပါးသို့ ပြောင်းသွားကြသည့် ဗိုလ်မှူးသိန်းမြင့်(ငြိမ်း)၊ ဗိုလ်မှူးစိုးညွှန့်(ငြိမ်း)၊ ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)၊ ဒုဗိုလ်မှူးကြီး စောလောစောကြိုင်(ငြိမ်း)၊ ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)နှင့် ဗိုလ်ကြီး တင်မောင်နီတို့အား အမျှပေးဝေခဲ့ကြပါသည်။ သာဓုခေါ်ဆို နိုင်ကြပါစေ။

၁/၆၂ မှ ဗိုလ်မှူးရွှေကျော်(ငြိမ်း)၊ ဗိုလ်မှူးချုပ် သိန်းဌေ(ငြိမ်း)၊ ဗိုလ်မှူးကျော်မြင့်(ငြိမ်း)ညွှန့်ချုပ် အကောက်ခွန်(ငြိမ်း)၊ ဝဏ္ဏကျော်ထင် ဗိုလ်မှူးလှမြင့်ဦး (ငြိမ်း) (ပြည်သူ့လွှတ်တော်)၊ ဗိုလ်ကြီးစိုးသိန်း(ငြိမ်း) (ကပ္ပတိန်)(ငြိမ်း)၊ ဗိုလ်မှူးချုပ်မြင့်ဆွေ (ငြိမ်း)(မထသ/ငြိမ်း)၊ ဗိုလ်မှူးမြသိန်း(ငြိမ်း)၊ ဒုဗိုလ်မှူးကြီး ထွန်းဦး(ငြိမ်း)(MEC/ အကြံပေး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၁၄၂၇၊ မြေကွက်တည်နေရာအမှတ် ၁၄၂၇၊ (၁၀၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒေါ်ချိုချိုငင်း ၁၂/အရန(နိုင်)၁၃၇၈၀၄၅ အမည်ပေါက် မြေခွဲ ပါဝင်မြေအား အမည်ပေါက် ဒေါ်ချိုချိုငင်းမှ မြေခွဲပါမစံမှာ အိမ်မြေလောင်းကွန်ဒုတွင် ပါဝင်သွားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရံဝန်းထောက်ခံချက်၊ ကွန်ဒုတိုက်အုပ်ချုပ်ရေးမှူးနှင့် ရံဝန်းထောက်ခံချက်၊ ကွန်းကျိုရွာ၊ ဝန်ခံချက်များ တင်ပြပြီး ပါမစ်ရရှာကြောင်း ဖြစ် ၆၀ မြောက် စာချုပ်ဝင်ရန် လျောက်ထားလာရာ ၁၄ ရက်အထွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲရုံးချုပ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၄၃၅၊ မြေကွက်တည်နေရာအမှတ် ၄၃၅၊ (၀၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ ဦးစောဆောင်းသန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစောဆောင်းသန်း ၁၂/အလန(နိုင်) ၀၃၇၇၅၅ မှ မြေခွဲပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိုကွပ်၊ ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြောက်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရုံးချုပ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်း(မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၄၃၅၊ မြေကွက်တည်နေရာအမှတ် ၄၃၅၊ (၀၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ ဦးစောဆောင်းသန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစောဆောင်းသန်း ၁၂/အလန(နိုင်) ၀၃၇၇၅၅ မှ မြေခွဲပါမစ် ပျောက်ဆုံး ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိုကွပ်၊ ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြောက်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရုံးချုပ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲ

မင်းဘူးအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့၊ ဗဟန်း၊ ကြားတောရလမ်း၊ ကုန်သွယ်ဝယ်ယာမောရွတ်တွင် ၅-၈-၂၀၁၂ရက်(တနင်္ဂနေ့) မွန်း လွဲ ၁နာရီတွင် ကျင်းမည်။ မင်းဘူးနယ်သူနယ်သားများ၊ အသင်းဝင်၊ မဝင် ကြွရောက်ကြပါရန်၊ လှူဒါန်းလိုသူများ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) ဖုန်း-၀၉-၇၃၀၀၇၇၇၊ ဦးဝင်းဆင် ဖုန်း-၀၄၄၃၀၇၀၇၊ ဦးကျော်သီဟ ဖုန်း-၅၀၀၉၅၇၊ ဒေါ်ခင်ဇော်ဝင်း ဖုန်း-၀၉၆၀၆၁၁၀၊ မင်းဘူးမိုးသက်ဆောင် ဖုန်း-၀၉-၇၃၀၆၁၉၆၃ သို့ဆက်သွယ်ပါ။

ပြောင်းလဲခေါ်ပါရန်

ဦးရဲနယ်စၥါသမီးဖြစ်သူ မတိုရည်ထွန်း ၁၂/တမန(နိုင်) ၁၁၂၄၃၉ အား ယနေ့မှစ၍ မတိုရည်ထွန်း(ခ) မကြယ်စင်လင်း ဟု ပြောင်းလဲခေါ်ပါရန်။

၁/၆၂ ရေတပ်ဗိုလ်လောင်းသင်တန်းဌေရတုအလှူ

(ဆက်ပါ)

ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲကို ဇူလိုင် ၂၈ ရက်က ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် မဟာဝိသုဒ္ဓာရာဓိက ဝိသပါလ(ဓနုန်လုံး)တောင်ဃေါ်ကျောင်း၌ကျင်းပရာ ဘဒ္ဒန္တပညာဓောဘအမှူးပြေသာ ဆရာတော် (၁၂)ပါးတို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဆောင်ရီ၊ ဓနိး ဒေါက်တာရီရီမေနှင့်ဝန်ထမ်းမိသားစုများက ဆက်ကပ်လှူဒါန်းပူဇော်ကြစဉ်။ (၁၀၂)

ဟင်္သာတ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဟင်္သာတ ဇူလိုင် ၃၁

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ဟင်္သာတမြို့နယ် ကုန်းကြီးအုပ်စု မြို့ပတ်(၁)လမ်း၌ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သာတောဝန်ထမ်းများက ကျွန်းပင် ၇၀၀၊ မောက်ဂနီ ၁၀၀၊ ပျဉ်းကတိုး ၅၀၊ ယူကလစ် ၂၀၀ စုစုပေါင်းသစ်ပင် ၁၀၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (သစ်တောဦးစီးဌာန)**

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း အမှတ်တံဆိပ် Logo ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာစာပေချစ်မြတ်နိုးသူများအသင်းကို ယာယီဖွဲ့စည်းခဲ့ပြီးနောက် အသင်း၏ အမှတ် တံဆိပ် Logo ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကို မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ပြီး ဗိမိကြိုက်နှစ်သက်ရာနည်း(ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းအပါအဝင်)ဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ အသင်းတံဆိပ်တွင် မြန်မာစာပေကို ထိန်းသိမ်း စောင့်ရှောက်ရန်၊ မြန်မာစာပေပြန့်ပွားတိုးတက်ရန်၊ မြန်မာစာပေ၏ ဂုဏ်ကိုမြှင့်တင်ရန်၊ မြန်မာစာချစ်သူများတိုးပွားစေရန်၊ မြန်မာ့စွမ်းအားဖြင့် ပြည်သူများ၏အကျိုးကို သယိုးရန်နှင့် မြန်မာစာပေချစ်မြတ်နိုးမှုကိုအခြေခံ၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းကြရန်ဟူသောရည်ရွယ်ချက်များ ပြိုင်ဆိုင်ထင်ဟပ်ရေးဆွဲ ဖော်ပြရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Logoပုံများကို ၂၀၁၂ ဩဂုတ် ၃၁ ရက်(သောကြာနေ့) နောက်ဆုံး ထား၍ ယာယီအသင်းတည်ရာ အမှတ်(၁၈၈) ဆိပ်ကမ်းသာလမ်း ဂုဏ်ထူး ဦးသိန်းနိုင် သင်တန်းခန်းမသို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသော Logoပုံအတွက် ဆုငွေကျပ် သုံးသိန်းဆိုးဖြင့်ပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း (ယာယီ) ဖုန်း-၀၁-၂၄၃၃၄၆၊ ၀၁-၅၆၃၀၄၉ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အင်းစိန်မြို့နယ်တွင် အပတ်စဉ် စနေနေ့တိုင်း ကျန်းမာရေးလှုပ်ရှားမှုအသွင်ဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပိုးလောက်လမ်းရှခွေနှံမိန်းခြင်းတို့ ပြုလုပ်ကျင်းရှိရာ ဇူလိုင် ၂၈ ရက်က အင်းစိန်မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ပေါင်းဖြတ်များရင်းလင်းခြင်း၊ အရှိတ် သရိုက်များ သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ဆုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၆ရိုင် ပြန့်/ဆက်)

သစ်ပင်စိုက်ပါ ခို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြား

(၃၀၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(အဓိတ္ထ)
၁-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီးတို့၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၃၀ မဟာဝိသမြိတ်ပုဒ္ဓ(ဒုတိယပိုင်း)
၈း၀၀ သတ္တဋ္ဌာန(ရုတရာဉီး၊ တေးရေး-၁၇နှစ်ဆရာတင်)
၈း၂၅ သဲသာဆို့ဒေးမင်္ဂလာတေး
၈း၄၀ International News
၈း၄၅ မေမွေးဇာတေးအစီအစဉ်

ညနေပိုင်း

၃း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- ပိုးလေဝသအခြေအနေ
- ပေါ့ရွှင်ရင်ခုန်ပြိုက်စုံ
- နိုင်ငံခြားဇာတ်လမ်းတွဲ
- **အချစ်ဆုံး** (အပိုင်း-၇၇)
- ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက်၊ မြန်မာ့ဖိုးရာယဉ်ကျေးမှုအဆို၊ အင၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ)(ရုပ်စုံ)

ဧရာဗီဆတ်(ဒုတိယဆု)
(ဧရောဘသီရိရုပ်စုံသာဘ်ပြိုင်ပွဲ)
(စစ်ကိုင်းတိုင်းဒေသကြီး)

အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်းခြင်း

ရန်ကုန် ဇူလိုင် ၃၁

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံ ပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာ များဆုံးရှုံးခဲ့ရသဖြင့် လတ်တလော ရပ်တည်နိုင်ရေးအတွက် ကိုစိုးနိုင်နှင့် ကိုသေမိုး (၁)ကိုတော်မင်းလွင်ဦးဆောင် သော မြန်မာ့အရှေ့ဘက်သစ်ပရဟိတအဖွဲ့က ဇူလိုင် ၁၉ ရက်တွင် လှူဒါန်းငွေကျပ် တစ်ဆယ့်တစ်သိန်းခြောက်သောင်းနှင့် အတူ ငွေကျပ်ငါးသိန်းဖိုးခန့်ရှိ အဝတ် အထည်မျိုးစုံ လှူဒါန်းရာ ရခိုင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတော် အေးမောင်က လက်ခံခဲ့ကြောင်း သိရှိ ရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းသာ (အင်ဂျင်နီယာချုပ်၊ လမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-
ဒေါ်ထွန်းစန်(ကျောင်းအုပ်ဆရာမကြီး၊ အထက-၆၊ အလုံ)တို့၏ သားထွေး

ဒေါက်တာ ဘုန်းမြတ်ကောင်း
M.B.,B.S (Ygn)
M.Sc (Biomedical Engineering), Nanyang Technological University, Singapore Managing Director (Nice & Fine Trading Co.,Ltd.)

နှင့်

ရန်ကုန်မြို့နေ

ဒေါက်တာမြင့်ရွှေ(လက်ထောက်ညွှန်ကြားရေးမှူး၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါ်ကျော်မြခင်(စိန်ပန်းခင်း စိန်ရတနာဆိုင်၊ ရွှေဘုံသာလမ်း)
တို့၏ သမီးကြီး

မမြဝွင်ဝေ
B.Sc (Biomedical Sciences)
University of Bradford, UK

